BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ | အမှတ် (၇၃)

# ပြန်လည်အသက်သွင်းမည့် နအဖ၏ အတုအယောင်အမျိုးသားညီလာခံကို လက်မခံ သုံးပွင့်ဆိုင်ဆွေးနွေးအဖြေရှာခြင်းဖြင့်သာ စစ်မှန်သောဒီမိုကရေစီပြည်ထောင်စုတည်ဆောက်နိုင်မည်



**စက်တင်ဘာ၊(၁၇)ရက်။**

နအဖက ယခင်ပုံစံအတိုင်း ဆက်လက်ပြုလုပ်သွားရန် စိုင်းပြင်းနေသည့် အမျိုးသားညီလာခံကို လုံးဝလက်မခံနိုင်ကြောင်းနှင့် အနာဂတ်တွင် စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုတရပ်ပေါ်ပေါက်လာရေးအတွက် စစ်အုပ်စုအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်သော သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန်တောင်းဆိုထားသည့် ကြေညာချက်တစောင်ကို ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) က ယမန်နေ့နေ့စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်ကို စက်တင်ဘာ (၁၆)ရက်နေ့တွင် ကျရောက်သည့် (CRPP) ဖွဲ့စည်းခြင်း (၅)နှစ်ပြည့်အဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ဖော်ပြထားသည်များမှာ ....

(က) ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်။

(ခ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟို၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်ရုံးများကို ပြန်လည် ဖွင့်လှစ်ခွင့်ပြုရန်။

(ဂ) နိုင်ငံရေးပါတီများအား လွတ်လပ်စွာ စည်းရုံးလုပ်ပိုင်ခွင့်များ ပြုရန်။

(ဃ) ပြည်သူများအား ကြောက်ရွံ့စိုးရိမ်မှုများကိုကင်းရှင်းစွာ မိမိတို့ယုံကြည်ချက်အရ နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်ခွင့်ပြုရန်။

(င) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ သွေးစည်းညီညွတ်ရေးအတွက် အနာဂတ်တွင် ဒီမိုကရေစီပြည့်ဝပြီး စစ်မှန်သော ပြည်ထောင်စုတည်ဆောက်ရေးကို ရှေးရှုသောအားဖြင့် ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန်ဟူ၍ ဖော်ပြပါရှိသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်အရ ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ခြင်းခံထားရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး လွှတ်တော် မပေါ်ပေါက်မီစပ်ကြား လွှတ်တော်ကိုယ်စား လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်နှင့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေသည့်အတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုက်နာကျင့်သုံးနိုင်ရန် ရည်ရွယ်၍ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ(၁၆)ရက်နေ့တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

လွှတ်တော်ကိုယ်စားပြုကော်မတီ အဖွဲ့ဝင် တဦးဖြစ်သူ ဇိုမီးအမျိုးသားများ ကွန်ဂရက် ဥက္ကဋ္ဌ ဦးပုကျော့ရှင်းထန်က "၅ နှစ်မြောက်နေ့မှာ အခုမြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူလူထုကတော့ ၁၉၉၀ ခုနှစ်ထဲမှာ လွှတ်တော်ဖွဲ့စည်းဖို့ အားလုံး လွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးကောက် တင်မြှောက်ပြီးပါပြီ။ အဲဒါကို ဒီလောက် ကြန့်ကြာနေတယ်။ ကြန့်ကြာနေတဲ့အခါမှာ ကျနော်တို့ (၉၈)ခုနှစ်ကျတော့ ဒါ အားလုံး မဖြစ်ရင်လည်းဘဲ ရှိသလောက်နဲ့ကိုယ်စားပြုလုပ်မယ်ဆိုပြီးတော့ ကျနော်တို့ လုပ်ထားတယ်။ အဲဒီဥစ္စာလည်းပဲ အခုတခါ ပြန်ပြီးတော့ အလုပ်မဖြစ်အောင် တဝက်ကို ထိန်းသိမ်းထားတယ်။ အမှန်အတိုင်းဆိုလို့ရှိရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထားခဲ့ပြီး၊ ဒါမှမဟုတ် ဒေါ်စုကို ချန်လှပ်ပြီး၊ အခု ကျနော်တို့ ညီလာခံလုပ်မယ်၊ အခြေခံဥပဒေရေးဆွဲမယ်၊ ရွေးကောက်ပွဲလုပ်မယ်ဆိုတာ .... ပြည်ထောင်စုတခုလုံး ထားခဲ့ပြီးတော့



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
အဖွဲ့ဝင် ဦးပုကျော့ရှင်းထန်

သူတို့ကနေပြီးတော့ သူတို့စိတ်ကြိုက် လုပ်မယ်ဆိုတဲ့ အခြေအနေမျိုး ရှိနေတော့ကာ ကျနော်တို့ လွှတ်တော်ကိုယ်စားပြုကော်မတီအနေနဲ့ ဒါဟာ လုံးဝ ဒီမိုကရေစီဘက်ကို ဦးမတည်ပါဘူး။ ဟိုတုန်းက အာဏာရှင်စနစ်ကို ဆိုးသထက်ဆိုးအောင် ပြန်ပြီးတော့ ဟို.... ဦးတည်နေတာပါဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တယောက်အနေနဲ့ အဲဒီလိုပဲ မြင်ပါတယ်"ဟု အသံလွှင့်ဌာနတခုနှင့် မေးမြန်းခန်းတွင် ပြောကြားသွားခဲ့သည်။

အဖွဲ့ဝင်(၁၈)ဦးနှင့် ဖွဲ့စည်းထားသည့် အဆိုပါကော်မတီဝင်များအနက် မေ (၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် အခြားအဖွဲ့ချုပ်ထိပ်တန်းခေါင်းဆောင်များအား စစ်အုပ်စုက ဖမ်းဆီးထားသည့်အတွက် ကျန်ရှိနေသည့် အဖွဲ့ဝင်ထက်ဝက်ခန့်ကသာ ကော်မတီကို ဆက်လက် တာဝန်ယူထားရသည်။ ❖



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအစည်းအဝေးကျင်းပနေစဉ်

## စက်ရပ်သတင်း

### ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ပြောင်းရွှေ့ချထားပြီ

**စက်တင်ဘာ၊ (၂၆)ရက်။**

ဒေါ်အောင်ဆန်းစုကြည်ကို နအဖက ယနေ့ညနေ (၇း၀၀)နာရီ နောက်ပိုင်းတွင် အာရှတော်ဝင်ဆေးခန်းမှ တက္ကသိုလ် ရိပ်သာလမ်း နေအိမ်သို့ ပြောင်းရွှေ့ အကျယ်ချုပ်ချထားလိုက်ကြောင်း သိရသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေအရ လိုအပ်ပါက နိုင်ငံခြားသံတမန်များနှင့် တွေ့ဆုံခွင့်ပြုနိုင်ကြောင်း ဒေါက်တာ တင်မျိုးဝင်းက ပြောကြားသွားသည်။

## မြန်မာ့ဒီမိုကရေစီခေါင်းဆောင် အရေးပေါ်ခွဲစိတ်ကုသခံယူ

**စက်တင်ဘာ၊(၁၉)ရက်။**

ဒီပဲယင်းလုပ်ကြံတိုက်ခိုက်မှုကြီး ဖြစ်ပွားခဲ့သည့် မေ(၃၀)ရက်နေ့မှစ၍ ယနေ့အချိန်ထိ မည်သည့်နေရာတွင် ဖမ်းဆီးထိန်းသိမ်းထားမှန်း မသိရသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား စက်တင်ဘာ(၁၉)ရက်နေ့ နေ့လည်ပိုင်းက ရန်ကုန်မြို့ အာရှတော်ဝင် ပုဂ္ဂလိကဆေးရုံတွင် အရေးပေါ် ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရကြောင်း သိရသည်။

ခွဲစိတ်ကုသရာတွင် ဦးဆောင်ပါဝင်ခဲ့သူ ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းက ဒေါ်အောင်ဆန်းစုကြည်ကို ထိုနေ့ နေ့လည် (၁၂း၁၅)နာရီအချိန်က စတင်ခွဲစိတ်ကုသခဲ့ရာ ခွဲစိတ်ကုသချိန် (၃)နာရီနီးပါး ကြာမြင့်ပြီး ရာနှုန်းပြည့် အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။ ယခုအခါ ဒေါ်အောင်ဆန်းစုကြည်သည် သတိပြန်ရနေပြီဖြစ်ပြီး စကားပြောဆိုနိုင်ပြီဟု ဆေးရုံသို့ လာရောက်စောင့်စားနေသူ အဖွဲ့ချုပ်ဝင်များ၊ ပြည်သူလူထုများ၊ သတင်းထောက်များအား ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြောကြားရာတွင် ယခု ခွဲစိတ်ကုသမှုသည် သားအိမ်ရောဂါတခုတည်းကြောင့် မဟုတ်ဟုသာ ပြောဆိုခဲ့ပြီး ရောဂါအတိအကျကိုမူ ဆရာဝန်များ ကျင့်ဝတ်အရ ထုတ်ဖော်ပြောရန် ငြင်းဆိုခဲ့သည်။ သို့ရာတွင် ကင်ဆာရောဂါမဟုတ်သည်မှာ ရာနှုန်းပြည့်နီးပါး သေချာကြောင်းနှင့် ကင်ဆာရောဂါနှင့်ပတ်သက်သည့် အရိပ်လက္ခဏာ တစုံတရာမတွေ့ရကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သည့် သီတင်းတပတ်ကျော်က



ဒေါက်တာတင်မျိုးဝင်း

ဒေါ်အောင်ဆန်းစုကြည်သည် ဖမ်းဆီးခံနေရစဉ် အစာငတ်ခံ ဆန္ဒပြနေကြောင်း သတင်းများ ထွက်ပေါ်ခဲ့ရာ ရန်ကုန်အခြေစိုက်

နောက်ကျောဖုံးသို့ ○

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## ပြည်သူ့လွှတ်တော် ခေါ်ယူရေးသည် ယနေ့ကာလ သမိုင်းဆိုင်ရာ တာဝန်ဖြစ်သည်

၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် (၈၀)ရာခိုင်နှုန်းကျော် အနိုင်ရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားအနိုင်ရ တိုင်းရင်းသားနိုင်ငံရေးပါတီများ ဖြစ်သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ ဇိုမီးအမျိုးသားကွန်ဂရက်ပါတီတို့သည် ၁၉၉၈ စက်တင်ဘာလ(၁၆)ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)ကို ဖွဲ့စည်းခဲ့ပေသည်။ ၎င်းကော်မတီ၏ ရည်ရွယ်ချက်များမှာ လွှတ်တော်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်သွားရန်နှင့် လွှတ်တော် မပေါ်ပေါက်မီကာလအတွင်း အဆိုပါကော်မတီသည် လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်သွားရန် ဖြစ်ပေသည်။

၁၉၈၈ ဒီမိုကရေစီအုံကြွပေါက်ကွဲမှုကြီးတွင် အသက်စွန့်လွှတ် တိုက်ပွဲဝင်သွားကြသော အာဇာနည်ထောင်ပေါင်းများစွာတို့၏ လိုအင်ဆန္ဒကို ရောင်ပြန်ဟတ်လျက် ၁၉၉၀ ပြည့် ရွေးကောက်ပွဲများမှတဆင့် ဖော်ပြခဲ့သည့် ပြည်သူလူထုတရပ်လုံး၏ နိုင်ငံရေးဆန္ဒများသည် စစ်အာဏာရှင်တို့၏ ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ထားမှုကြောင့် ယနေ့တိုင် အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပေ။ သို့ပါ၍ CRPP ဖွဲ့စည်းလျက် ပြည်သူတို့၏ ဒီမိုကရေစီရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် မဆုတ်မနစ် ကြိုးပမ်းမှုသည် သမိုင်းရေးရာ လိုအပ်ချက်တရပ်ကို ဖြည့်စွက်အကောင်အထည်ဖော်ခြင်းသာ ဖြစ်ပေသည်။

CRPP ဖွဲ့စည်းတည်ထောင်သည့် (၅)နှစ်မြောက်ကာလနှင့် ထူးခြားတိုက်ဆိုင်စွာပင် နအဖမှ ဝန်ကြီးချုပ်သစ် ဗိုလ်ခင်ညွန့်မှ ဩဂုတ်လ (၃၀)ရက်နေ့တွင် လမ်းပြမြေပုံကို ထုတ်ဖော်ကြေညာခဲ့သည်။ CRPP အဖွဲ့ဝင် ဦးပုကျင့်ရှင်းထန်က နအဖ လမ်းပြမြေပုံသည် CRPP နှင့် သဘောထားချင်း မတိုက်ဆိုင်ကြောင်း၊ နအဖ လမ်းပြမြေပုံကို အယုံအကြည်မရှိကြောင်း ရှင်းလင်းစွာ ပြောဆိုခဲ့သည်။ NLD မှ သဃာန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်မှ လည်း ၁၉၉၀ ပြည့်ရွေးကောက်ပွဲ အကောင်အထည်ဖော်ရေးသည် နိုင်ငံရေးအရသာမက ဥပဒေကြောင်းအရပါ မဖြစ်မနေ လုပ်ဆောင်ရန် လိုအပ်ကြောင်းကို နအဖ ဥပဒေ (၁၄/၈၉)နှင့် (၁/၉၀)တို့ကို ကိုးကား၍ ထောက်ပြခဲ့သည်။ CRPP ၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးကို သမိုင်းပေးတာဝန်တရပ်အဖြစ် ရှုမြင်ကြောင်း ပြောကြားခဲ့သည်။ ဤအချက်များက NLD ခေါင်းဆောင်များအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များသည် နအဖ၏ လမ်းပြမြေပုံလမ်းကြောင်းအား ပြတ်သားစွာ ပယ်ချလျက် CRPP ၏ မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်သူ့လွှတ်တော် ပေါ်ထွန်းရေးတည်း ဟူသော နိုင်ငံရေးလမ်းကြောင်းကို ခိုင်ခံ့တည်ကြည်စွာ ဆက်လက်ကိုင်စွဲလျက် ရှိကြောင်း တွေ့မြင်ရပေသည်။

မှန်ပေသည်၊ ၂၀၀၃ ခုနှစ် (၅၅)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ပြန်ခဲ့သည့် NLD ၏ ကြေညာချက်၌လည်း ရွေးကောက်ပွဲရလဒ်ကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ် အကောင်အထည် မဖော်မချင်း မည်သည့် ရွေးကောက်ပွဲအသစ်ကိုမျှ လက်မခံကြောင်း၊ နအဖ အမျိုးသားညီလာခံကိုလည်း လက်ရှိပုံစံ မပြောင်းလဲသမျှ လက်ခံမည် မဟုတ်ကြောင်းနှင့် CRPP ၏ လုပ်ငန်းများကိုလည်း ဆက်လက်၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းပြည်သို့ ကြေညာခဲ့သည်။ ဤအချက်များသည် ပြည်သူလူထုကြီးတရပ်လုံး၏ အကျိုးစီးပွားနှင့် ကိုက်ညီနေသည့်အတွက် ပြည်သူတို့မှ ကြိုဆိုထိုက်ပေသည်။

CRPP သည် ဒီမိုကရေစီရေးတိုက်ပွဲအတွက်သာမဟုတ် အနာဂတ် မြန်မာနိုင်ငံ၏ တိုင်းရင်းသားသွေးစည်းညီညွတ်မှုဆိုင်ရာ သင်္ကေတလည်း ဖြစ်သည်။ ဤကော်မတီမှနေ၍ ဥပဒေကြောင်းအရ အကျိုးသက်ရောက်မှုကို ရယူလျက် တိုင်းရင်းသားပြည်သူများ၏ အနာဂတ်မျှော်မှန်းချက်များကို ဆွေးနွေးညှိနှိုင်းသော နည်းလမ်းဖြင့် အကောင်အထည်ဖော်နိုင်ပေသည်။ သို့ပါ၍ CRPP ဆက်လက်တည်ရှိရေးနှင့် ၎င်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးပါတီများသာမက ပြည်သူလူထုတရပ်လုံးကပါ ပူးပေါင်းအကောင်အထည်ဖော်ရန် လိုအပ်ပေသည်။ CRPP ၏ မူလရည်ရွယ်ချက်ဖြစ်သည့် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေး၊ ပြည်သူ့လွှတ်တော်ပေါ်ထွန်းရေးတည်းဟူသော နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထုတရပ်လုံးမှ ပါဝင်တိုက်ပွဲဝင် ကြရန် မိုးကြိုးသတင်းစဉ်မှ အလေးအနက် တိုက်တွန်းအပ်ပါသည်။

❖

## အမျိုးသားညီလာခံကို ယခင်အတိုင်း ပြန်လည်ကျင်းပလျှင် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တက်ရောက်မည်မဟုတ်

**စက်တင်ဘာ၊ (၆)ရက်။**

အမျိုးသားညီလာခံကို ယခင်ကိုယ်စားလှယ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်ပင် ပြန်လည် ပြုလုပ်မည်ဆိုပါက မိမိတို့အနေဖြင့် ထိုညီလာခံတွင် ပါဝင်တက်ရောက်တော့မည် မဟုတ်ကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ထုတ်ဖော် ပြောဆိုလိုက်သည်။



ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်
ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး

ထို့ပြင် အမျိုးသားညီလာခံ၏ လက်ရှိကိုယ်စားလှယ်ရွေးချယ်ပုံ၊ ရည်ရွယ်ချက်များ၊ ကန့်သတ်ချက်များကိုလည်း ပြင်ဆင်ရန် လိုအပ်ကြောင်း ၎င်းကထောက်ပြပြောဆိုခဲ့သည်။

နအဖက တရားဝင်ကြေညာခဲ့သည့် အချက်(၇)ချက်ပါ Roadmap ခေါ် နိုင်ငံရေးလမ်းညွှန်တွင် ၁၉၉၆ ခုနှစ်ကတည်းက ရပ်တန့်သွားခဲ့သည့် အမျိုးသားညီလာခံကို ပြန်လည် စတင်မည်ဖြစ်ကြောင်း ဖော်ပြခဲ့ရာ ဦးခွန်ထွန်းဦးက ထိုညီလာခံနှင့်ပတ်သက်၍ ရပ်တန့်သွားခဲ့သည့် ညီလာခံကို ယခု ပြန်စလျှင် ဘယ်ပုံဘယ်နည်းနှင့် စမည်ဆိုသည်ကို ဆန်းစစ်ပြီးမှ တက်သင့် မသင့် ပြောဆိုနိုင်မည်ဖြစ်ကြောင်း၊ ညီလာခံတွင် ဒီမိုကရေစီ ရှိမရှိ၊ တိုင်းရင်းသားများအား ကိုယ်စားပြုရမည့်ကိစ္စတွင် တိုင်းရင်းသားများကိုယ်တိုင် လွတ်လွတ်လပ်လပ် ပါဝင်ခွင့် ရှိ /မရှိ ဆိုသည်ကို ထည့်တွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဖမ်းဆီးခြင်း ခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေး အကျဉ်းသားများအားလုံးကို ပြန်လည်လွှတ်ပေးပြီး အဲန်အယ်လ်ဒီပါတီကပါ တက်ရောက်သည့် ညီလာခံ ဖြစ်ရမည်ဟု ပြောဆိုခဲ့သည်။

အကယ်၍ ထိုသို့ဖြစ်မလာလျှင် မိမိတို့အနေဖြင့် အဓိပ္ပာယ်မရှိသည့် ညီလာခံကို အချိန်ကုန်ခံပြီး တက်နေစရာ အကြောင်းမရှိကြောင်း၊ ညီလာခံကို ပြန်လည်ပြုလုပ်မည်ဆိုပါက လုပ်ထုံးလုပ်နည်းများ ပြန်လည်ပြင်ဆင်သတ်မှတ်ရုံမက ချမှတ်ထားသည့် အခြေခံမူ (၁၀၄)ချက်ကိုလည်း ပြန်လည်ညှိနှိုင်းရမည်ဖြစ်ကြောင်း၊ ထို့ပြင် ညီလာခံ၏ ဦးတည်ချက်(၆)ရပ်အနက် နောက်ဆုံးအချက်ဖြစ်သည့် အနာဂတ်နိုင်ငံတော်တွင် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသောအချက်မှာ လက်မခံနိုင်စရာဖြစ်နေသည့်အတွက် ညီလာခံ ရပ်တန့်သွားခဲ့သည်ကို နအဖ ကိုယ်တိုင် သိကြောင်း၊ ထို့ကြောင့် နအဖ၊ အဲန်အယ်လ်ဒီနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်၍ စိတ်ကောင်း စေတနာကောင်းနှင့် သုံးပွင့်ဆိုင် ညှိနှိုင်းဖလှယ်ကြမှသာ တိုင်းပြည်အတွက် အကောင်းဆုံး အဖြေရရှိနိုင်မည် ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ဦးခွန်ထွန်းဦးက ဆက်လက်ပြောကြားခဲ့ရာတွင် တိုင်းရင်းသားများအရေးနှင့် ပတ်သက်၍ သဘောတူဖွဲ့စည်းထားသည့် ပြည်ထောင်စုတိုင်းရင်းသားများ မဟာမိတ်အဖွဲ့ချုပ် (UNA) အနေဖြင့်လည်း ၁၉၉၃ ခုနှစ် ညီလာခံ စတင်ကျင်းပခဲ့စဉ်က ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ခွင့် မရခဲ့သလို မဖြစ်ရအောင် ညှိနှိုင်းမှုများ ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း အသံလွှင့်ဌာနတခုနှင့် မေးမြန်းခန်းတွင် ပြောကြားသွားခဲ့သည်။

❖

## မြန်မာ့အရေး လုံခြုံရေးကောင်စီ ကြားဝင်ဆောင်ရွက်ပေးရန် အဖွဲ့ချုပ်ဝင်လွှတ်တော်ကိုယ်စားလှယ်များ စာရေးတောင်းဆို

**စက်တင်ဘာ၊ (၂၀)ရက်။**

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အား အကောင်အထည်ဖော်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အမြန်ဆုံး ကြားဝင်ဆောင်ရွက်ပေးပါရန် ပြည်တွင်း အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် (၂၅၂)ဦးတို့ လက်မှတ်ရေးထိုး၍ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံ ယမန်နေ့က စာရေးတောင်းဆိုခဲ့ကြသည်။

ရန်ကုန်ရှိ ကုလသမဂ္ဂရုံးခွဲမှတဆင့် ပေးပို့ခဲ့သည့်အဆိုပါစာတွင် မြန်မာပြည်တွင် ဒီမိုကရေစီ ဖော်ဆောင်နိုင်ရေးအတွက် အဓိကကျသော အချက်(၃)ချက်အဖြစ် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရေး၊ ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံး ပြန်လွှတ်ပေးရေးနှင့် စစ်အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်နေမှုများကြောင့် ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများအား အမြန်ဆုံး ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် အမြန်ဆုံး ကြားဝင်ဆောင်ရွက်ပေးရေးတို့ ပါဝင်သည်။

ထို့ပြင် မေ(၃၀) ဒီပဲယင်းပြဿနာကို ကိုင်တွယ်ဖြေရှင်းပေးခြင်းမရှိဘဲ အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား ဖမ်းဆီးထားပြီး ရွေးကောက်ပွဲအသစ် လုပ်ရေးကိုသာ နအဖက ကြေညာခဲ့ကြောင်း၊ ထို့အတွက် ပြည်သူများကိုယ်စား ရပ်တည်ပေးနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ တဘက်သတ်ဖိနှိပ်ခံနေရခြင်းကို လုံခြုံရေးကောင်စီကသာ ကြားဝင်ဖြေရှင်းပေးနိုင်တော့မည်ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံ အဖွဲ့ချုပ်ဝင်လွှတ်တော်ကိုယ်စားလှယ်များက တိုက်တွန်းတောင်းဆိုထားသည်။ ❖



# နအဖ၏ လမ်းပြမြေပုံအပေါ် တုံ့ပြန်မှုများ

## ရွေးကောက်ပွဲအသစ် လုပ်မည်ဆိုလျှင်

“ဒီ အခြေခံဥပဒေတို့ လုပ်မယ်၊ ရွေးကောက်ပွဲလုပ်မယ်ဆိုတာဟာ တကယ့်တကယ် အောင်မြင်ချင်သပဆိုရင်တော့ ပြည်ထောင်စုမြန်မာနိုင်ငံမှာရှိတဲ့ လူမျိုးပေါင်းစုံတွေ၊ ပါတီပေါင်းစုံတွေ၊ ဌာနပေါင်းစုံတွေက ညှိညှိနှိုင်းနှိုင်းလုပ်ဖို့။ ညှိနှိုင်းတယ်ဆိုတာက လွှတ်တော်ပဲ၊ လွှတ်တော်မခေါ်ချင်လို့ရှိရင်လည်းပဲ အခုညီလာခံလို့ခေါ်၊ အဲဒီခေါ်တဲ့အခါမှာ အခုလိုမလုပ်ဘဲနဲ့ ကြိုတင်ညှိနှိုင်းပြီး ဒီအဖြေအရ လုပ်ဖို့၊ အခုဟာက ကျနော်တို့ ညီလာခံကော်မရှင်အဖွဲ့ဝင်တောင်မှ ကြေညာပြီးပြီ။ ဒါ ဘယ်သူနဲ့ ဆွေးနွေးပြီးလုပ်တာလဲ၊ ဒါ နအဖက လုပ်တာပါပဲ။ အဲဒါတွေက အမှန်မှာတော့ ဒါဟာ တပါတီစနစ်၊ ဒါမှမဟုတ် အာဏာရှင်စနစ်နဲ့ လုပ်တာ။ ညှိနှိုင်းတာ၊ ဆောင်ရွက်တာ၊ ဒီမိုကရေစီနည်းလမ်းကျ တခုမှ မဆောင်ရွက်ဘဲကိုး”

**ဦးပူကျင့်ရှင်းထန်**
**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင်**

## လွှတ်တော်ခေါ်ယူရေးသာ အရေးကြီး

“ဗိုလ်ချုပ်ကြီးခင်ညွန့်ကနေ အမိန့်အရ အတွင်းရေးမှူး (၁) အနေနဲ့ ထုတ်ပြန်လိုက်တဲ့ ၁/၉၀ ဆိုတဲ့ကြေညာချက်မှာလည်း ပုဒ်မ(၃)အရ လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးမယ်လို့ နဝတကပေါ့ဗျာ၊ တပ်မတော်အစိုးရက တာဝန်ယူတယ်လို့ အတိအလင်း ဒီကြေညာချက်ထဲမှာ ထုတ်ပြန်ထားတာ၊ အဲဒါကြောင့် ဥပဒေအကြောင်းအရပဲကြည့်ကြည့်၊ နိုင်ငံရေးကြောင်းကပဲ ကြည့်ကြည့်၊ ၁၉၉၀ ပြည့်နှစ်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲမှာ ကျင်းပခဲ့တဲ့ လွှတ်တော်ကိုခေါ်ယူဖွဲ့စည်းပေးရမှာပဲ၊ ဒီတာဝန်ကို မထမ်းဆောင်ဘူးဆိုရင် နောင်မြန်မာ့နိုင်ငံရေးသမိုင်းမှာ ကိုယ်လုပ်ခဲ့တဲ့ ရွေးကောက်ပွဲကို၊ ကိုယ်ပြဋ္ဌာန်းတဲ့ဥပဒေကို ကိုယ်မလေးစားတဲ့လူတွေအဖြစ် သမိုင်းမှာ မှတ်တမ်းတင်မှာပဲ”

**ဦးသိန်းညွန့် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း**

## ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေး အဓိက

“မူအားဖြင့် လက်ခံလို့ မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ၁/၉၀ ရွေးကောက်ပွဲရလဒ်တွေ ဘာမှမပါဘူး၊ အဲဒါကြောင့် အခု ၉၀ ခုနှစ် ရွေးကောက်ပွဲတွေမှာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့တဲ့လူတွေ သဘောထားက ပြည်သူ့ဆန္ဒနဲ့ တက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဆိုတော့ ဒီ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ဖို့အတွက် အဓိကလို့မြင်တယ်”

**ဦးထွန်းဝင်း**
**ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**မင်းပြား(၂)ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

## အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ ပြောင်းလဲခန့်အပ်လိုက်သည့်အပေါ်

“ကျင်းပရေးကော်မရှင်ကို ဘယ်သူနဲ့ပဲ ပြောင်းပြောင်း၊ ဘယ်အရပ်သားနဲ့ပဲ ပြောင်းပြောင်း၊ အဲဒီ အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ ဦးတည်ချက် (၆)ရပ်နဲ့ အဲဒီက အခြေခံရမယ့် အဲဒီဟာ (၁၀၄)ချက် မပြောင်းမချင်းဆိုရင်တော့ ဘာမှ ကျနော်တို့အတွက် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလမ်းစဉ် လုံးဝ သွေဖီသွားတာဖြစ်ပါတယ်။ လုံးဝဆန့်ကျင်တာ ဖြစ်ပါတယ်။”

**ဦးခွန်မားကိုဘန်ရ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

## သံဃာထု၏ အမြင်

“သူတို့ပြောတဲ့ (၇)ချက်ဆိုတာ ဘာတုန်း၊ ဒီ ရွေးကောက်ပွဲပြန်လုပ်မယ်ပေါ့ ဒီ အချက်ပဲ။ အဲဒါကတော့ မဖြစ်နိုင်ဘူးပေါ့၊ ဒီလောက်ပဲ ဦးဇင်းတို့က သိလိုက်တော့တာ၊ ကျန်တာတွေကတော့ မထူးတော့ဘူးလေ။ တော်တော်များများကတော့၊ အင်း ဝန်ကြီးချုပ်အသစ်ပေါ့လေ၊ အသစ်က ပြောမယ့် စကားလုံးဆိုတော့၊ အဲ.... အထူးအဆန်းလေး နည်းနည်းပါးပါးတော့ ပါလိမ့်မယ်ပေါ့၊ အများကြီးတော့ ပါမယ်တော့ မမျှော်လင့်ပါဘူး၊ နည်းနည်းပါးပါး ပါလိမ့်မယ်လို့ ထင်တာ၊ ထင်ကြတာပေါ့၊ သို့သော်လည်းပဲ အခုဟာက နဂိုအတိုင်းပဲ ဘာမှမပြောင်းလဲဘူး၊ မပြင်ဆင်ဘူး၊ အဲဒီလို ဖြစ်နေတာကိုး”

**ဦးကဝိန္ဒာဘိဝံသ**
**မန္တလေး မစိုးရိမ်တိုက်သစ်**

## အားလုံးညှိနှိုင်းလုပ်မှ

“အမျိုးသားညီလာခံက မအောင်မြင်လို့ ဟိုဟာဖြစ်သွားတဲ့ဟာပဲ၊ ဒါကြီးပြန်ဖော်ရင်တော့ ဘယ်ဖြစ်ပါ့မလဲဗျာ။ အဲ ပြန်ပြီး အကောင်းဘက်ကို ညှိညှိနှိုင်းနှိုင်းလုပ်မှပဲဖြစ်တော့မယ်လို့ ထင်ပါတယ်။ ဟို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း တဘက်သတ်လုပ်လို့မရဘူး။ နအဖကလည်း တဘက်သတ်လုပ်လို့ မရဘူး။ တိုင်းရင်းသားပေါင်းစုံကလည်း တဘက်သတ်လုပ်လို့ မရဘူး။ အားလုံးညှိနှိုင်းပြီးလုပ်မှ အဆင်ပြေမယ်လို့ ထင်ပါတယ်။ ရေရှည်ညီညွတ်ကြမယ်လို့ ထင်ပါတယ်”

**ဗိုလ်အောင်နိုင်**
**ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့**

## နအဖ၏ အမျိုးသားညီလာခံနှင့်ပတ်သက်၍

“အမျိုးသားညီလာခံဆိုတာ အခုမှမဟုတ်ပါဘူး ၁၉၉၃ ထဲက၊ အရေးကြီးတာက အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီပဲယင်းအရေးအခင်းကို အကြောင်းပြုပြီး ဖမ်းဆီးထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေ အမြန်လွှတ်ရေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ကိုပေးရေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကာယကံရှင်ပဲ၊ လက်ရှိစစ်အစိုးရကလည်း ကာယကံရှင်ပဲ၊ ကာယကံရှင်နှစ်ဦး အရင်ဆုံးစဆွေးနွေးပါ။ မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးနဲ့ ပတ်သက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နှစ်ဦးနှစ်ဘက်ဆွေးနွေးကြခြင်းဟာ အန်ကယ်တို့ရဲ့ သဘောထားဖြစ်တယ်”

**သခင်အောင်မြင့်**
**ဝါရင့်နိုင်ငံရေးသမားကြီး**

## ဒီမိုကရေစီနည်းမကျဘူး

“မူအားဖြင့်တော့ မှန်ပါတယ်၊ အမျိုးသားညီလာခံ လုပ်ရမယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် ဒီလူတွေနဲ့ လုပ်မှာလား၊ ဟိုအရင်တုန်းက လုပ်ငန်းစဉ်အတိုင်း လုပ်မှာလား၊ အဲဒီဥစ္စာတွေက ပြဿနာပါ။ ပြဿနာက ဒီအမျိုးသားညီလာခံကို အဲန်အယ်လ်ဒီရယ်၊ တိုင်းရင်းသားလူမျိုးစုတွေရယ်၊ (နအဖ)ရယ် ပေါင်းပြီးတော့မှ လုပ်ရမယ့်အလုပ်၊ သူတို့တွေကနေပြီးတော့မှ ဦးစီးပြီးတော့ လုပ်ရမယ့်အလုပ်ကိုး၊ ဒီလမ်းစဉ်ကတော့ မှန်တယ်။ ပါဝင်တဲ့လူ ပတ်သက်တဲ့လူတွေနဲ့ ချထားတဲ့မူ၊ နောက်ပြီးတော့ လုပ်ငန်းဆောင်ရွက်ချက်၊ အဲဒီနေရာမှာ (ဒီမိုကရက်တစ်) ဒီမိုကရေစီနည်းမကျဘူး ဆိုတဲ့ဟာတွေဟာ ပြောစရာ ဖြစ်နေပါတယ်”

**ဒေါ်စန်းစန်း**
**ဆိပ်ကမ်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊**
**ရန်ကုန်တိုင်းအဖွဲ့ချုပ်ဒုဥက္ကဋ္ဌ**

# အာဏာတည်မြဲရေးအတွက် လမ်းပြမြေပုံတခုချမှတ် အမျိုးသားညီလာခံပြန်လည်စတင်ရန်ပြောကြားထားသော်လည်း အချိန်ဇယား ဖော်ပြထားခြင်းမရှိ

ပြီးခဲ့သည့်လ (၃၀)ရက်နေ့က နအဖ ဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များအဖြစ် နအဖက ရေးဆွဲထားသည့် လမ်းပြမြေပုံတခုကို ကြေညာသွားခဲ့သည်။

အချက်(၇)ချက်ပါ ထိုလမ်းပြမြေပုံတွင် ၁၉၉၆ ခုနှစ်ကတည်းက ရပ်ဆိုင်းသွားခဲ့ရသည့် အမျိုးသားညီလာခံကို ပြန်လည်စတင်သွားမည်ဟုဆိုထားသော်လည်း အချိန်ဇယား အတိအကျကို ကန့်သတ်ဖော်ပြထားခြင်း မရှိခဲ့ပေ။ ထို့ပြင် ထိုညီလာခံ၌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါဝင်တက်ရောက်ခွင့်ရ/မရ ဆိုသည့်အချက်ကိုလည်း ရှင်းလင်းစွာ ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

အဆိုပါလမ်းပြမြေပုံသည် ခေတ်မီတိုးတက်သည့် နိုင်ငံတော်သစ်တရပ် တည်ဆောက်ရေးအတွက် တိကျသည့် နိုင်ငံရေးလမ်းစဉ်ဖြစ်ကြောင်း နအဖသတင်းထုတ်ပြန်ရေးအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီး ဦးတင်ဝင်းက (၉)ရက်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတခုတွင် ထပ်မံပြောကြားခဲ့သည်။ သို့ရာတွင် ညီလာခံ ပြန်လည်စတင်ရေးအတွက် ပြင်ဆင်မှု အများအပြားလုပ်ရဦးမည်ဖြစ်ကြောင်း၊ ညီလာခံကျင်းပမည့်အချိန်ဇယား အတိအကျပြောရန်နှင့် ညီလာခံတွင် အဲန်အယ်လ်ဒီ ပါဝင်ခွင့်ပေးမည် မပေးမည်ကို အတိအကျဖြေရန်လည်း စောနေသေးကြောင်း သတင်းထောက်များ၏ မေးမြန်းချက်ကို ဖြေကြားသွားခဲ့သည်။

ထို့ပြင် အဆိုပါ လမ်းပြမြေပုံတွင် ပါဝင်သည့် ပထမအဆင့် အကောင်အထည်ဖော်ရေးအတွက် နအဖက ယခုလ(၆)ရက်နေ့တွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်သစ်များ ပြောင်းလဲ တာဝန်ပေးခဲ့ရာ မကြာသေးမီကမှ နအဖတွင်း(၂)ဖြစ်လာသူ ဒုဗိုလ်ချုပ်ကြီးသိန်းစိန်ကို ညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုဥက္ကဋ္ဌများအဖြစ် တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့အားလည်းကောင်း၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများအဖြစ် ပြန်ကြားဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ခင်အောင်မြင့်တို့အားလည်းကောင်း တာဝန်များပေး၍ အမျိုးသားညီလာခံ ပြန်စနိုင်ရေးကို စိုင်းပြင်းလျက်ရှိသည်။

နအဖက မြန်မာပြည်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရေးအတွက် မြန်မာ့နိုင်ငံရေးသမားများ ပါဝင်လာရန် အနောက်နိုင်ငံကြီးများက တိုက်တွန်းပေးစေလိုကြောင်း ပြောကြားထားသည်။ ❖

### နအဖ ၏ လမ်းပြမြေပုံပါ အချက်(၇)ချက်

**ပထမအဆင့်**– ၁၉၉၆ ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း၊

**ဒုတိယအဆင့်**– အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တဆင့်ပြီးတဆင့် ဆက်လက်ဆောင်ရွက်ခြင်း၊

**တတိယအဆင့်**– အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံမူကြမ်းကို ရေးဆွဲခြင်း၊

**စတုတ္ထအဆင့်**– ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်း၊

**ပဉ္စမအဆင့်**– ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း၊

**ဆဋ္ဌမအဆင့်**–ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း၊

**သတ္တမအဆင့်**– လွှတ်တော်မှ ရွေးကောက်တင်မြှောက်လိုက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်း။

## နအဖ၏ အတုအယောင် အမျိုးသားညီလာခံကို ဆန့်ကျင်ကြ

# နိုင်ငံတကာ

## နယ်စပ် ကာကွယ်ရန် တရုတ်တပ်မတော် စေလွှတ်

**စက်တင်ဘာ၊ (၁၆)ရက်။ [သည်နေရှင်း]**

အရေအတွက် နှစ်သန်းခွဲရှိသည့် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် မြောက်ကိုရီးယားနှင့် မြန်မာနိုင်ငံဘက်ရှိ နယ်စပ်အား ကာကွယ်ရန်အတွက် စက်တင်ဘာလ စောစောပိုင်းက ချထားခဲ့သော လက်နက်ကိုင်ရဲတပ်ဖွဲ့များနေရာတွင် တာဝန်ယူခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကောင်ကွမ် (Kong Quan) က ပြောကြားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ အပြောင်းအလဲလုပ်ခြင်းသည် ဝါရှင်တန်နှင့် လိပ်ခဲတည်းလည်းဖြစ်နေသော နျူကလီးယားပြဿနာအား အဆုံးသတ်ရန်အတွက် မြောက်ကိုရီးယားအား ဖိအားပေးရန်၊ မြောက်ကိုရီးယား ဒုက္ခသည်များ အစုလိုက် အပြုံလိုက် ဝင်ရောက်လာခြင်းကို တားဆီးရန်၊ မူးယစ်ဆေးဝါးကုန်သွယ်မှုအား တိုးမြှင့်ချေမှုန်းရန်နှင့် တရုတ်ပြည် အရှေ့မြောက်ပိုင်းတွင် တည်ငြိမ်မှုကို အာမခံရန် ရည်ရွယ်သည်ဟု အကဲဖြတ်များက ပြောကြားခဲ့သည်။

"ဒီပြဿနာတွေဟာ တရုတ်ပြည်ရဲ့ အကဲဆတ်ဆုံး၊ အလေးအထားဆုံး နယ်စပ်ကိစ္စတွေပဲ"ဟု အနောက်တိုင်း သံအမတ်တဦးက ပြောကြားခဲ့သည်။ "မြောက်ကိုရီးယားကို ဖိအားပေးဖို့နဲ့ ရေရှည်မှာ အီရတ်လို စစ်ရေး စွက်ဖက်လာတာမျိုးကနေ အမေရိကန်ကို တားဆီးတာ ဖြစ်ကောင်းဖြစ်နိုင်တယ်"ဟု ဤနှစ်စောစောပိုင်းက ဖြစ်ပွားခဲ့သည့် အီရတ်စစ်ပွဲအား ကိုးကားပြီး သံတမန်တဦးက ပြောကြားခဲ့သည်။ "ဒါဟာ ဒုက္ခသည်နဲ့ မူးယစ်ဆေးဝါး ကုန်သွယ်မှုလှိုင်းလုံးကို တားဆီးဖို့လည်း ဖြစ်နိုင်တယ်"ဟု တရုတ်–မြန်မာနယ်စပ်တလျှောက်တွင် ကာကွယ်ရေး တိုးချဲ့လုပ်ဆောင်မှုကို ၎င်းက ဆက်လက်သုံးသပ် ပြောဆိုခဲ့သည်။

လွန်ခဲ့သည့်လက ပြုံယမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေသည့် နျူကလီးယားကိစ္စအား ဖြေရှင်းရန် ရည်ရွယ်ပြီး တရုတ်နိုင်ငံက (၆)နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည်။ ဆင်းရဲတော်မွတ်နေသော မြောက်ကိုရီးယားနိုင်ငံမှ ဒုက္ခသည်များ အစုလိုက် အပြုံလိုက် ရွှေ့ပြောင်းခြင်းကို တရုတ်နိုင်ငံက စိုးရိမ်ထိတ်လန့်နေသည်မှာ ကြာပြီဖြစ်ကြောင်း အကဲဖြတ်များက ပြောကြားခဲ့သည်။

"ရဲတွေက နယ်စပ်မြို့တွေမှာ လူဝင်မှုလုပ်ငန်းတွေနဲ့ ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းတာတွေကို ဆက်လက်တာဝန်ယူနေမှာ ဖြစ်ပါတယ်"ဟု ကောင်ကွမ်းက ဆက်လက်ပြောကြားခဲ့သည်။ တပြည်လုံးအတိုင်းအတာဖြင့် နယ်စပ်ထိန်းချုပ်မှု အစီအစဉ်တွေနဲ့ ပတ်သက်ပြီး "ဒါဟာ နှစ်များစွာ စဉ်းစားပြီးမှ လုပ်တဲ့ သာမန်ထိန်းညှိမှုပဲဖြစ်ပါတယ်"ဟု ကောင်ကွမ်းက ပြောကြားခဲ့သည်။ နယ်စပ်စခန်းများတွင် ရဲများအား အဓိကထားရှိပြီး အခြားတပ်ဖွဲ့များကိုမူ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ထိန်းချုပ်မှုအောက်တွင် ထားရှိသည်ဟု စစ်ရေးလေ့လာသူတို့က ပြောဆိုသည်။ ❖

## ဖိလစ်ပိုင်မြေပေါ်တွင် အမေရိကန်တပ်ဖွဲ့များ လှုပ်ရှားမှုတိုးမြှင့်လာနေခြင်း

**ဆူးဘစ်၊ အေအက်ဖ်ပီ။**

ဒေသခံတပ်ဖွဲ့များနှင့် ပူးတွဲ၍ သီတင်း (၄)ပတ်ကြာ စစ်ရေးလေ့ကျင့်မှုအတွက် ယခုလ (၁၄)ရက်နေ့က ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၏ အနောက်ဖက်ရှိ ဆူးဘစ်ပင်လယ်အော်သို့ အမေရိကန် ရေကြောင်းတပ်ဖွဲ့ အင်အား(၁၅၀၀)ကျော် ရောက်လာခဲ့သည်။

ဤအမေရိကန်စစ်သည်များသည် ဂျပန်နိုင်ငံ အိုကီနာဝါတွင် အခြေစိုက်ထားသော ရေကြောင်းတပ်ဖွဲ့ အမှတ်(၃၁)ယူနစ်မှဖြစ်ပြီး ပူးတွဲစစ်ဆင်ရေးစွမ်းရည် မြင့်မားရေးအတွက် ရည်ရွယ်၍ တပ်ဖွဲ့နှစ်ခုစလုံးမှ ပူးပေါင်းလေ့ကျင့်ကြမည်ဖြစ်ကြောင်း ဖိလစ်ပိုင်တပ်မတော်က ပြောကြားခဲ့သည်။

လေ့ကျင့်မှုများတွင် ကျည်ဆံအစစ်ဖြင့် ပစ်ခတ်လေ့ကျင့်မှုများ၊ လေကြောင်းထောက်ပံ့မှုစစ်ဆင်ရေးများနှင့် ကမ်းတက်စစ်ဆင်မှုများအပြင် ဆေးဘက်ဆိုင်ရာ၊ သွားဘက်ဆိုင်ရာနှင့် အင်ဂျင်နီယာလုပ်ငန်းများ အစရှိသည့် အရပ်ဘက်ဆိုင်ရာ လုပ်ငန်းများလည်း ပါဝင်သည်။

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန် ဦးဆောင်သည့် ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲအား အဓိကထောက်ခံသူဖြစ်သည်။ မေလက သမတ ဂျော့ဘုရှ်သည် အရှေ့တောင်အာရှနိုင်ငံများ၏ အခန်းကဏ္ဍကို အဓိကမဟာမိတ်အဆင့်သို့ မြှင့်တင်ခဲ့သည်။ ဤသည်မှာ အမေရိကန်အနေဖြင့် မနီလာအား စစ်ပစ္စည်းများနှင့် စစ်ရေးလေ့ကျင့်မှုများအပါအဝင် စစ်ရေးအကူအညီ အမြောက်အမြားပေးမည်ဟု ဆိုလိုရင်း ဖြစ်သည်။

၂၀၀၁ ခုနှစ်က အဘူဆာယက်ဖ် အစ္စလာမ်စစ်သွေးကြွအုပ်စုအား လိုက်လံတိုက်ခိုက်သည့် ဖိလစ်ပိုင်တပ်မတော်အား ကူညီရန်ရည်ရွယ်သည့် ပူးတွဲစစ်လေ့ကျင့်ရေးအတွက် အမေရိကန်စစ်သား ရာပေါင်းများစွာကို ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ဖြန့်ကျက်ချထားခဲ့သေးသည်။ ❖



ဖိလစ်ပိုင်သို့ ရောက်ရှိလာသော အမေရိကန် မရိန်းတပ်ဖွဲ့

## သတင်းတိုထွာ

### ခတ္တမန်ဒူတွင် ညမထွက်ရ အမိန့်ထုတ်

**[သည်နေရှင်း]**

မော်ဝါဒီပြောက်ကျားများနှင့် အစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေးပျက်ပြားပြီးနောက်ပိုင်း ဩဂုတ်လနောက်ဆုံးပတ်မှစတင်၍ နီပေါနိုင်ငံတွင် နေ့စဉ်လိုပင် အကြမ်းဖက်တိုက်ခိုက်မှုများ တွေ့မြင်နေရသည်။ သို့သော် နှစ်ဖက်စလုံးမှ တွေ့ဆုံဆွေးနွေးမှုပြန်စရန် အလားအလာရှိနေဆဲဟု ပြောဆိုနေကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ရေးဆွဲရေးအတွက် အထူးညီလာခံတရပ် ကျင်းပရန် အစိုးရက ငြင်းပယ်လိုက်ပြီးနောက် ဩဂုတ် (၂၇)ရက်နေ့က ပြောက်ကျားများက (၇)လကြာ အပစ်အခတ်ရပ်စဲရေးအား တဖက်သတ်ရုပ်သိမ်းကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ်မှစတင်၍ ပထမဆုံးအကြိမ်အဖြစ် မြို့တော်ခတ္တမန်ဒူတွင် စက်တင်ဘာ(၁၉)ရက်နေ့က ညမထွက်ရအမိန့် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ❖

### ကိုရီးယား တိုင်ဖွန်းမုန်တိုင်း

**[သည်နေရှင်း]**

ယခုလ (၁၂)ရက်နေ့ညက တောင်ကိုရီးယားနိုင်ငံ၌ နှစ်ပေါင်း(၅၀)အတွင်း အကြီးမားဆုံးသော တိုင်ဖွန်းမုန်တိုင်း တိုက်ခိုက်ခဲ့ရာ လူ(၁၀၀)ခန့် သေဆုံးပြီး ဒေါ်လာသန်းပေါင်း(၇၀၀) ပျက်စီးကာ ဒါဇင်ပေါင်းများစွာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက ကြေညာခဲ့သည်။

လေတိုက်နှုန်းမှာ တနာရီလျှင် (၂၁၆) ကီလိုမီတာရှိပြီး နှစ်ပေါင်း(၅၀)အတွင်း တခါမျှ မကြုံဖူးကြောင်း ပူဆန်ဆိပ်ကမ်းအနီးတွင် နေထိုင်သော မြို့တော်အရာရှိတဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ❖

### အောပက်အစည်းအဝေးအတွက် လုံခြုံရေး ကြိုတင်ပြင်ဆင်

**[သည်နေရှင်း]**

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ အောက်တိုဘာလ(၂၁)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အာရှ–ပိစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးစည်းဝေးပွဲ လုံခြုံမှုအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရထားဘူတာရုံ (၇)ရုံအား အန္တရာယ်နယ်မြေများအဖြစ် ကြေညာလိုက်ပြီး လုံခြုံရေးများ တိုးမြှင့်ချထားလိုက်ကြောင်း ဘန်ကောက်ရထားရဲဌာနက ပြောကြားလိုက်သည်။

နိုင်ငံတဝှမ်းလုံးရှိ အဓိကကျသော ဘူတာရုံများနှင့် ရထားများပေါ်တွင် ရဲအင်အား (၁၀၀၀)ကျော် ဖြန့်ကျက်ချထားလိုက်ပြီး အဓိကဘူတာရုံ(၂၀)တွင် လုံခြုံရေး ကင်မရာများ တပ်ဆင်ထားရှိပြီးဖြစ်သည်။ ❖

### ဘဂ္ဂဒက်မြို့ ကုလသမဂ္ဂဌာနချုပ်အနီး အသေခံဗုံးခွဲမှုဖြစ်ပွားရန်

**[ဆင်ဟွာနက်]**

စက်တင်ဘာ(၂၂)ရက်နေ့က ဘဂ္ဂဒက်မြို့ ကုလသမဂ္ဂဌာနချုပ်အနီး အသေခံဗုံးခွဲမှုတခုတွင် လုံခြုံရေးအစောင့် (၂)ဦးနှင့် ဗုံးခွဲသူ သေဆုံးပြီး အခြား(၁၁)ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသူ (၁၁)ဦးတွင် (၇)ဦးမှာ ရဲများဖြစ်ပြီး ကျန်သူများမှာ အရပ်သားများဖြစ်ကြသည်။

၎င်းနေရာတွင်ပင် ထရပ်ကားဗုံး ပေါက်ကွဲမှုကြောင့် ပြီးခဲ့သည့်လက အီရတ်ဆိုင်ရာ ကုလအထူးသံ ဆာဂျီယိုဗီအေးရာ ဒီမဲလိုးအပါအဝင် သေဆုံးသူ (၂၃)ဦး ရှိခဲ့သည်။

စက်တင်ဘာ (၁၉)ရက်နေ့ကလည်း ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်မည့် အီရတ်အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကွီလာအယ်လ်ဟတ်ရှ်ဟိမိသည် သူမ၏ ကားကို အမည်မသိ သေနတ်သမားများက ပစ်ခတ်မှုကြောင့် ပြင်းထန်စွာ ဒဏ်ရာ ရရှိခဲ့သည်။ ❖

### လေးနိုင်ငံ ပင်လယ်ပြင် ပူးတွဲစစ်ရေးလေ့ကျင့်

**[သည်နေရှင်း]**

စက်တင်ဘာ(၂၀)ရက်နေ့က ပိစိဖိတ်သမုဒ္ဒရာ၊ ကော်ရယ်ပင်လယ်ပြင်တွင် (၄) နိုင်ငံ ပူးတွဲစစ်လေ့ကျင့်ရေး ပြုလုပ်ခဲ့ရာ ဂျပန်၊ အမေရိကန်၊ ပြင်သစ်နှင့် ဩစတြေးလျနိုင်ငံများမှ ပင်လယ်ပြင်တပ်ဖွဲ့များ ပါဝင်ခဲ့သည်။ ဤစစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်ကို သတိပေးရန် ရည်ရွယ်သည့် အင်အားပြမှုတရပ်အဖြစ် အကဲခတ်သူများက ပြောဆိုကြသည်။ မြောက်ကိုရီးယားကမူ ဤစစ်လေ့ကျင့်ရေးအား စစ်ရေးအရ ခြောင် စော်ကားမှုအဖြစ် ရှုတ်ချခဲ့သည်။

ဤပူးတွဲစစ်ရေးလေ့ကျင့်မှုအဖွဲ့ကို ယခုနှစ် အစောပိုင်းက အစုလိုက် အပြုံလိုက် သေစေနိုင်သောလက်နက်များအား တရားမဝင် ကုန်သွယ်မှုကို တားမြစ်ရန်အတွက် အမေရိကန် ဦးဆောင်ပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများမှာ ထိုလေးနိုင်ငံအပြင် ဂျာမဏီ၊ နယ်သာလန်၊ ဗြိတိန်၊ အီတလီ၊ ပိုလန်၊ ပေါ် တူဂီနှင့် စပိန်တို့ ပါဝင်သည်။ ❖

### ဂျပန်ဝန်ကြီးအဖွဲ့ အပြောင်းအလဲ

**[ဆင်ဟွာနက်]**

စက်တင်ဘာ(၂၂)ရက်နေ့က ဂျပန်ဝန်ကြီးချုပ် ကိုအီဇုမိသည် သူ၏ ကက်ဘိနက်အဖွဲ့အား အပြောင်းအလဲပြုလုပ်ခဲ့သည်။ သို့သော် အရေးကြီးဆုံးဝန်ကြီးများကိုမူ မပြောင်းလဲဘဲ ဆက်လက်ထားရှိခဲ့သည်။ တာကေနာကာအား ဘဏ္ဍာရေးဝန်ကြီးနှင့် စီးပွားရေးနှင့် ငွေကြေးပေါ်လစီဆိုင်ရာ ဝန်ကြီးနေရာတွင် ပြန်လည်ခန့်ထားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေး အေဂျင်စီ ညွှန်ကြားရေးမှူးချုပ်တို့အားလည်း ဆက်လက်ခန့်ထားပြီး သံတမန်ရေးနှင့် စစ်တပ်တည်ဆောက်ရေးဆိုင်ရာ ပေါ်လစီများအား ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်သည်။



ဂျပန်ဝန်ကြီးချုပ် ကိုအီဇုမိ

ဝန်ကြီးအားလုံး (၁၇)ဦးထဲမှ (၅)ဦးသည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီတွင်းရှိ အဓိကအတိုက်အခံ ဂိုဏ်းခွဲ (၂)ခုမှ ဖြစ်ပြီး ကက်ဘိနက်အဖွဲ့တွင် အမျိုးသမီး (၃)ဦးကိုလည်း ထည့်သွင်းခဲ့သည်။ ❖

### ကျောင်းဆရာ (၁၀၀,၀၀၀)ကျော် နိုင်ငံအနှံ့ သပိတ်ဆင်နွှဲ

**[သည်နေရှင်း]**

ဩစတြေးလျနိုင်ငံ၏ လူဦးရေ အထူထပ်ဆုံး ပြည်နယ်များဖြစ်သည့် နယူးဆောက်သ်ဝေးလ်ပြည်နယ်၊ ဗိတိုရိယပြည်နယ်နှင့် အနောက်ဩစတြေးလျပြည်နယ် (၃)ခုတို့တွင် ဆရာ (၁၀၀,၀၀၀)ကျော်သည် လုပ်ခလစာရာခိုင်နှုန်း(၃၀) တိုးမြှင့်ပေးရေးအတွက် (၁၇)ရက်နေ့က သပိတ်မှောက်ခဲ့ကြသည်။ ဆရာအများစုမှာ ထိုတောင်းဆိုချက်မရလျှင် ကျောင်းထွက်ကြမည် ဖြစ်ကြောင်း ဆရာများသမဂ္ဂဥက္ကဋ္ဌ မရီးဆိုဟလိုရမ်က ပြောကြားခဲ့သည်။ တပြည်လုံးရှိ ဆရာဦးရေ၏ (၇၀%) သပိတ်မှောက်ရာတွင် ပါဝင်ကြသည်။

ဗိတိုရိယပြည်နယ်တွင် အနည်းဆုံး ကျောင်းပေါင်း (၅၇)ကျောင်း ပိတ်ထားရပြီး ဆရာများ တောင်းဆိုသည့် (၂၅%) လစာတိုးမြှင့်ရေးသည် ဩစတြေးလျ ဒေါ်လာ ၁ ဒသမ ၄ ဘီလျံနှင့်ညီမျှပြီး အစိုးရက (၆%)တိုးပေးမည်ဟု ကမ်းလှမ်းခဲ့ကြောင်း သိရှိရသည်။ ❖

# နိုင်ငံတကာ

## အီရတ်မှ အမေရိကန်စစ်သားများ ဆုတ်ခွာရန် "ဆက်ဒမ်" တောင်းဆို




**အသက်ရှင်နေဆဲဟု ယူဆရသည့် အီရတ်သမတဟောင်း ဆက်ဒမ်ဟူစိန်**

**စက်တင်ဘာ၊(၁၇)ရက်။[ဆင်ဟွာနက်]**

ဒူဘိုင်းအခြေစိုက် အယ်လ်အာရေးဘီးယား ရုပ်မြင်သံကြားအစီအစဉ်မှ စက်တင်ဘာ(၁၆)ရက်နေ့တွင် ထုတ်လွှင့်သော တိပ်ခွေတခု၌ အမေရိကန်တပ်ဖွဲ့များ ခြွင်းချက်မရှိ ဆုတ်ခွာပေးရန်နှင့် အီရတ်ပြည်သူများအား အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် ဆက်လက်ခုခံတိုက်ပွဲဝင်သွားကြရန် အီရတ်သမတဟောင်း ဆက်ဒမ်ဟူစိန်က တောင်းဆိုခဲ့သည်။

"တောင့်ထား၊ ဆန္ဒပြတာ၊ နံရံပေါ်မှာ စာရေးတာတွေနဲ့ ခင်ဗျားတို့ရဲ့အခွင့်အရေးတွေ တောင်းဆိုပြီး ရန်သူ့ဟန်ချက် ပျက်အောင် တိုးမြှင့်တိုက်ခိုက်ကြ"ဟု အသံရှင်က ပြောဆိုခဲ့သည်။ "ခင်ဗျားတို့ ညွန့်ပေါင်းတပ်ဖွဲ့တွေ ကျနော်တို့တိုင်းပြည်က ဆုတ်ခွာရမယ်ဆိုတာ ရှောင်လွှဲလို့ မရဘူး၊ ဒီနေ့မဟုတ်ရင် မနက်ဖြန်ပဲ"ဟု သမတဟောင်းက ပြောဆိုခဲ့သည်။

ခြွင်းချက်မရှိ ပြန်ရုတ်သိမ်းရန် အမှန်တကယ် ဆုံးဖြတ်ခဲ့သည်ဆိုလျှင် ဆုတ်ခွာနေစဉ်တွင် ၎င်းတို့စစ်သားများ၏ လုံခြုံရေးကို အာမခံရန်အတွက် အီရတ်စစ်အရာရှိဟောင်းများနှင့် ဆက်သွယ်ရန် ညွန့်ပေါင်းတပ်ဖွဲ့များအား အသံရှင်က အကြံပြုခဲ့သည်။ "ငါတို့ဟာ နိုင်ငံတခုထဲမှာ မွေးဖွား ကြီးပြင်းနေထိုင်ကြတဲ့ တအူတုံဆင်း မိသားစုတွေဖြစ်တယ်၊ ကျူးကျော်မှုကို နိုင်ငံတခုလုံး တိုက်ပွဲဆင်ကြ"ဟု မောပန်းနေပုံပေါ်သည့် အသံဖြင့် ပြောကြားခဲ့သည်။

အီရတ်ပြည်သူများကိုယ်စား အမေရိကန်သမတ ဂျော့ဘုရှ်အား ပြောဆိုရာတွင် "ခင်ဗျားဟာ ခင်ဗျားကိုယ်ကိုလည်း လိမ်တယ်၊ ခင်ဗျားပြည်သူကိုလည်း လိမ်တယ်၊ နောက်ပြီး ကမ္ဘာကြီးတခုလုံးကိုလည်း လိမ်တယ်၊ ခင်ဗျားနဲ့ အရှုပ်ထဲမှာ ပါနေသူတွေက ဒါမှမဟုတ် တယောက်ယောက်က ခင်ဗျားကို လိမ်တယ်"ဟု အသံရှင်ကပင် ထပ်မံပြောကြားခဲ့သည်။

အီရတ်သည် ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုအား ဆန့်ကျင်တိုက်ခိုက်သည့် စစ်ပွဲ၏ အဓိကစစ်မျက်နှာ ဖြစ်လာပြီဟု ကြေညာလိုက်သည့် စက်တင်ဘာ (၅)ရက်နေ့က ပြောကြားခဲ့သည့် သမတဘုရှ်၏ မိန့်ခွန်းအား အသံရှင်က ရည်ညွှန်းပြောဆိုနေသည်မှာ အထင်အရှားပင်ဖြစ်သည်။

ဝါရှင်တန်က ဆက်ဒမ်အစိုးရကို အစုလိုက်အပြုံလိုက် သေစေနိုင်သည့် လက်နက်များ ပိုင်ဆိုင်ရန် ကြိုးပမ်းနေသည်၊ အယ်လ်ကိုင်ဒါကဲ့သို့ အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့နေသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။ ဤစွပ်စွဲမှုများမှာ မတ်လက အီရတ်အပေါ် ဆင်နွှဲခဲ့သည့် စစ်ပွဲအတွက် အကြောင်းပြခဲ့သည့် အမေရိကန်တို့၏ ယိုးမယ်ဖွဲ့မှုများဖြစ်သည်။ သို့သော် ယခုထိ ထိုစွပ်စွဲချက်များနှင့်ပတ်သက်၍ ခိုင်မာသော သက်သေခံအထောက်အထားများကို အမေရိကန်တို့ဘက်မှ မပြဆိုနိုင်သေးချေ။

အမေရိကန်ပြည်ထောင်စုသည် အီရတ်တွင် ၎င်းတို့ သိမ်းပိုက်ထားမှုအပေါ် နိုင်ငံတကာမှ နောက်ထပ်ထောက်ပံ့မှုများ ရရှိစေမည့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အသစ်အတွက် တွန်းအားပေးနေသည်။ သို့သော် ဤကြိုးပမ်းမှုအသစ်အား ပြင်သစ်က အနှောင့်အယှက်ပေးနေသည်။ အမေရိကန်၏ အဆိုပြုချက်များ လက်မခံမီ အီရတ်ပြည်သူများအား အချုပ်အခြာအာဏာ အလျင်အမြန် ပြန်ပေးရေးကို ပြင်သစ်က ထပ်တလဲလဲ ပြောဆိုနေသည်။ ❖

## ကုလဆုံးဖြတ်ချက်အပေါ် အမေရိကန်မှ ဗီတိုကျင့်သုံးမှုအား ပါလက်စတိုင်းအမျိုးသားအာဏာပိုင်အဖွဲ့က ရှုတ်ချ

**စက်တင်ဘာ၊ (၁၇)ရက်။**
**[ဆင်ဟွာနက်]၊ ဂါဇာ။**

ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်အား မောင်းထုတ်ခြင်းကို ဖျက်သိမ်းရန် အစ္စရေးအား တောင်းဆိုသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်သည့် အမေရိကန်၏ ဗီတိုကျင့်သုံးမှုအား ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့က (၁၇)ရက်နေ့က ရှုတ်ချခဲ့သည်။



**ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်**

အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က ဗီတိုကျင့်သုံးသည့် အင်္ဂါနေ့(စက်တင်ဘာ၊ ၁၆ ရက်)ကို အပြည်ပြည်ဆိုင်ရာ တရားဝင်ဖြစ်မှုသမိုင်းတွင် အမဲရောင်နေ့တနေ့အဖြစ် ပါလက်စတိုင်းအရေး ကြားဝင်ဆောင်ရွက်သူအကြီးအကဲ ဆအက်အီရက်ကတ် (Saeb Erekat)က သတင်းထောက်များအား ပြောပြခဲ့သည်။ "အပြည်ပြည်ဆိုင်ရာ တရားဝင်ဖြစ်မှုသမိုင်း၊ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများနဲ့ ဆုံးဖြတ်ချက်များသမိုင်းမှာတော့ တကယ့်ကို အမဲရောင်နေ့တနေ့ပါပဲ"ဟု အီရက်ကတ်က ပြောကြားခဲ့သည်။

ပါလက်စတိုင်းပြည်သူများက တရားဝင် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသူ၊ ငြိမ်းချမ်းရေးသူရဲကောင်းများ၏ ခေါင်းဆောင်ဖြစ်သူ သမတအား ခြိမ်းခြောက်ခြင်းသည် အစ္စရေးနှင့် အမေရိကန်ပြည်ထောင်စုက အာရပ်ပြည်သူများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတခုလုံးအား ဥပေက္ခာပြုခြင်းဖြစ်သည်ဟု ၎င်းကပြောဆိုခဲ့သည်။ "အမေရိကန်ပြည်ထောင်စုဟာ အစ္စရေးကို အပြည်ပြည်ဆိုင်ရာ တရားဥပဒေရဲ့ အထက်က နိုင်ငံတနိုင်ငံအနေနဲ့ ထားလိုက်တာပဲ"ဟု စွပ်စွဲပြောဆိုလိုက်ပြီး "ကျနော့်အထင်တော့ အမေရိကန်က ဗီတိုကျင့်သုံးလိုက်တာဟာ အပြည်ပြည်ဆိုင်ရာ စာချုပ်တွေနဲ့ ဆုံးဖြတ်ချက်အားလုံး ပြိုလဲပျက်စီးသွားပြီဆိုတာကို ပြသလိုက်တာပဲ"ဟု အီရက်ကတ်က ပြောဆိုခဲ့သည်။ "အမေရိကန်ရဲ့ ဆုံးဖြတ်ချက်နဲ့ ဗီတို ကျင့်သုံးတာဟာ လုံးဝ မတရားဘူးလို့ ပါလက်စတိုင်းပြည်သူများက ယုံကြည်ကြတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

စက်တင်ဘာ(၁၆)ရက်နေ့က လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၁)နိုင်ငံက အစ္စရေးတို့၏ ဆုံးဖြတ်ချက်အား ဆန့်ကျင်မဲ ပေးခဲ့သည်။ သို့သော် ဤဆုံးဖြတ်ချက်အား အမေရိကန်ပြည်ထောင်စုက ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။ ❖

## အီရတ်ပြည်တွင်းရေး ကျူးကျော်သူများအရေး ရတက်မအေး

**စက်တင်ဘာ၊ (၂၁)ရက်။ [အေပီ]**

(၂၀)ရက်နေ့က အီရတ်မြို့တော်တောင်ဘက် လမ်းဘေးဗုံးပေါက်ကွဲမှုတခုနှင့် မော်တာပစ်ခတ်မှုတခုတို့တွင် အမေရိကန် စစ်သား(၃)ဦး ကျဆုံးခဲ့ပြီး ယနေ့ချိန်ထိ သေဆုံးခဲ့သော အမေရိကန်စစ်သားဦးရေမှာ စုစုပေါင်း (၃၀၄)ဦး ရှိသွားပြီဖြစ်သည်။

(၂၀)ရက်နေ့ည (၁၀)နာရီအချိန်၌ ဘဂ္ဂဒက်မြို့ပြင်အနောက်ဘက်ရှိ အာဘူဂါရိက်အကျဉ်းထောင်၌ တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ကို မော်တာများဖြင့် ပစ်ခတ်မှုကြောင့် အမှတ်(၂၀၅) စစ်ထောက်လှမ်းရေးတပ်မှ တပ်သားနှစ်ဦး ကျဆုံးကြောင်း အမေရိကန်စစ်ဘက်မှ ထုတ်ပြန်ကြေညာခဲ့ရာ အီရတ်နိုင်ငံ၌ လုံခြုံရေးပြဿနာသည် လတ်တလောပြဿနာတရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း ပြသနေသည်။ အခြားစစ်သား (၁၃)ဦးလည်း ဒဏ်ရာရရှိခဲ့ကြသည်။

အာဘူဂါရိက် ပစ်ခတ်မှု မဖြစ်ခင်၌လည်း ဘဂ္ဂဒက်မြို့ မြောက်ဘက် မိုင် (၆၀) အကွာရှိ ရာမာဒီမြို့အပြင်ဘက် လမ်းဘေးတနေရာ၌ အမေရိကန်စစ်ဘက်ယာဉ် ဟမ်ဗီဂျစ်ကားအနီး၌ ဗုံးတလုံး ပေါက်ကွဲမှုကြောင့် အမှတ်(၃)သံချပ်ကာယန္တရားတပ်မှ စစ်သားတဦး ကျဆုံးခဲ့သေးသည်။

အမေရိကန်သမတက အဓိက မြို့သိမ်းတိုက်ပွဲများ ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည့် မေလ(၁)ရက်နေ့မှစ၍ ရေတွက်မည်ဆိုပါက အထက်ပါ ကျဆုံးမှုများ အပါအဝင် အမေရိကန်စစ်သား (၁၆၆)ဦး ကျဆုံးပြီ ဖြစ်သည်။ ဤမတိုင်ခင် အဓိက မြို့သိမ်းတိုက်ပွဲများအတွင်း၌လည်း အမေရိကန်စစ်သား (၁၃၈)ဦး ကျဆုံးထားသည်။ ထို့ကြောင့် အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များ အီရတ်နိုင်ငံကို စတင်သိမ်းပိုက်ချိန်မှစ၍ စက်တင်ဘာ(၂၀)ရက်နေ့အထိ ကျဆုံးသူ အမေရိကန်စစ်သား စုစုပေါင်း (၃၀၄)ဦး ရှိသွားပြီဖြစ်သည်။

(၂၀)ရက်နေ့က အမေရိကန်စစ်သားများ နောက်ဆုံးကျဆုံးမှုမှာ (၂၅)ဦးပါ အီရတ်အုပ်ချုပ်ရေးကောင်စီ၏ အမျိုးသမီးအဖွဲ့ဝင် အကွီလာအယ်လ်ဟာရှီမီအား လုပ်ကြံရန် ကြိုးစားသည့် အပြန်အလှန် ပစ်ခတ်မှု၌ ကျဆုံးခဲ့ကြခြင်းဖြစ်သည်။

အယ်လ်ဟာရှီမီအား လုပ်ကြံမှုသည် ဇူလိုင်လအတွင်းက အမေရိကန်တို့ ဦးဆောင်၍ ဖွဲ့စည်းပေးခဲ့သော အီရတ် အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအပေါ် ပထမဆုံးအကြိမ် ပစ်မှတ်ထား တိုက်ခိုက်မှု ဖြစ်သည်။ ❖



**အမေရိကန်စစ်သား (၃)ဦး ကျဆုံးခဲ့သည့် ဗုံးပေါက်ကွဲမှု**

## ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါး လုံးဝကင်းစင်ရေးအတွက် (၂)လ စစ်ဆင်ရေး ထပ်မံပြုလုပ်မည်

**စက်တင်ဘာ၊ (၁၁)ရက်။**

ထိုင်းဘုရင်၏ မွေးနေ့ပွဲကျရောက်မည့် ဒီဇင်ဘာလ(၅)ရက်နေ့မတိုင်မီ ဒီဇင်ဘာလ(၁)ရက်နေ့မှ စတင်ပြီး ထိုင်းနိုင်ငံသည် မူးယစ်ဆေးဝါးလုံးဝကင်းစင်သည့် နိုင်ငံတနိုင်ငံဖြစ်လာရန် (၂)လကြာ မူးယစ်ဆေးဝါး နှိမ်နင်းမှုစစ်ဆင်ရေး ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ထုတ် ဘန်ကောက်ပို့စ် သတင်းစာအရ သိရသည်။

အဆိုပါစစ်ဆင်ရေးကို အောက်တိုဘာလ(၁)ရက်နေ့မှ ဒီဇင်ဘာလ(၁)ရက်နေ့ထိ ပြုလုပ်သွားရန် ယမန်နေ့ကပြုလုပ်သည့် ထိုင်းထောက်လှမ်းရေးအဖွဲ့နှင့် ထိုင်းမူးယစ်ဆေးဝါးနှိမ်နင်းရေး ဗဟိုအဖွဲ့တို့၏ အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထိုင်းပြည်ထဲရေးဝန်ကြီး ဝမ်မဟာမက်နော်မက်သာက ပြောကြားခဲ့သည်။

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဌာနအထွေထွေအတွင်းရေးမှူး ရဲချုပ် ဒုဗိုလ်ချုပ်ကြီး ချပ်ချိုင်းဝမ်နာဆာတစ်ကလည်း ယခုပြုလုပ်မည့် နှစ်လကြာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးကို ပြင်းပြင်းထန်ထန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ထိုင်းအစိုးရသည် မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းစစ်ဆင်ရေးကို ယခုနှစ်စောစောပိုင်း ဖေဖော်ဝါရီလမှ ဧပြီလအထိ (၃)လကြာ ပြုလုပ်ခဲ့ပြီးနောက် ယခုအကြိမ်တွင် ထိုင်းနိုင်ငံသည် မူးယစ်ဆေးဝါး လုံးဝကင်းစင်သော နိုင်ငံဖြစ်လာစေရမည်ဟူသော ကြွေးကြော်သံဖြင့် ဆောင်ရွက်မည်ဟု သိရသည်။ ❖

# ဒီပဲယင်းလုပ်ကြံမှုကြီး ရက်(၁၀၀)ပြည့် ဆုတောင်းပွဲ ရွှေတိဂုံဘုရားပေါ်တွင် ကျင်းပ



စက်တင်ဘာ၊ (၁၁)ရက်။ [ဒီဗွီဘီ]

ဒီပဲယင်း လုပ်ကြံတိုက်ခိုက်ခံရမှုကြီး ရက်(၁၀၀)ပြည့် အမှတ်တရအဖြစ် ရွှေတိဂုံဘုရားပေါ်တွင် အဖွဲ့ချုပ်ဝင်များနှင့် ပြည်သူလူထုများ စုပေါင်း၍ ဆုတောင်းပွဲတရပ် ကျင်းပခဲ့ကြောင်း သိရသည်။

စက်တင်ဘာ(၇)ရက်နေ့ နံနက်ပိုင်း (၉း၀၀)နာရီခန့်က ပင်နီတိုက်ပုံနှင့် လုံချည်အနက်များ ဝတ်ဆင်ထားသူ အဖွဲ့ချုပ်ဝင်များနှင့် ပြည်သူများပါဝင်သော စုစုပေါင်း အင်အား (၁၀၀)ကျော်တို့သည် ပန်း၊ ဆီမီးများနှင့်အတူ ရွှေတိဂုံဘုရား အဂ္ဂိထောင့်တွင် ဒီပဲယင်းလုပ်ကြံမှုကြီး ကျဆုံးသွားသူ၊ ဒဏ်ရာရသူနှင့် ယနေ့အချိန်ထိ ဖမ်းဆီးခြင်း ခံနေရသည့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အဖွဲ့ချုပ်ဝင်များ၊ ပြည်သူများအတွက် ကောင်းမှုကုသိုလ်များ ပြုလုပ်၍ နာရီဝက်နီးပါးကြာ ဆုတောင်းပွဲတရပ် ကျင်းပခဲ့ကြကြောင်း သိရသည်။ ❖

# ဥပဒေအတိုင်း မဆောင်ရွက်ဘဲ ရမ်းကားခဲ့သည့် ယာဉ်ထိန်းရဲများအား မကွေး ဆေးကျောင်းသားများ ဆန္ဒပြ

စက်တင်ဘာ ၊ (၁၄)ရက်။

မကွေးမြို့တွင် ဆိုကရေးတီးရန်ပုံငွေ သိန်း(၈၀) ရရှိရေးအတွက် ယာဉ်ပေါင်းစုံကို ဖမ်းဆီးဒဏ်ရိုက်မှုများ လုပ်နေစဉ် ဆေးကျောင်းသားများ စီးလာသည့် ဆိုင်ကယ်ကို သိမ်းဆည်း၍ လူများကိုပါ ရိုက်နှက်ထိုးကြိတ်ခဲ့သည့်အတွက် ကျောင်းသားများက မကျေမနပ်ဖြစ်ပြီး ဆန္ဒပြပွဲတခု ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ယခုလ(၁၀)ရက်နေ့က ညနေ(၇း၃၀) နာရီအချိန်ခန့်က ဆိုင်ကယ်တစီးထဲ (၃)ဦး စီးလာသည့် မကွေးဆေးတက္ကသိုလ်ကျောင်းသားများကို ယာဉ်ထိန်းရဲများက ယာဉ်စည်းကမ်းနှင့် မညီညွတ်ဟု ဆိုပြီး ဆိုင်ကယ်ကို သိမ်းဆည်းကာ ကျောင်းသားများကိုပါ ဆိုင်ကယ်ပေါ်မှ ဆွဲချ ထိုးကြိတ်ရိုက်နှက်ခဲ့သည်။ ထိုသို့ ဥပဒေနှင့်အညီ မဆောင်ရွက်ဘဲ ရမ်းကားခဲ့သည့်အတွက် ယာဉ်ထိန်းရဲများအား ကျောင်းသားများက ဆန္ဒပြသည့်အနေဖြင့် မော်တော်ဆိုင်ကယ် အစီး(၇၀)ခန့်ကို မြို့ထဲတွင် ပတ်မောင်းပြီး ယာဉ်ထိန်းရဲများအား ဆန္ဒပြခဲ့ကြကြောင်း မြို့ခံများအဆိုအရ သိရသည်။

ထို့ပြင် ကျောင်းသားများက ဆိုင်ကယ်စီးသူများကို ဖမ်းဆီးဒဏ်ငွေရိုက်နေခြင်းနှင့် ပတ်သက်၍ အာဏာပိုင်များထံ တောင်းဆိုချက်စာတစောင် ပေးပို့ထားသည်။ စာပါအချက်အလက်များမှာ သက်ဆိုင်ရာ တယက၊ မယက၊ စည်ပင်သာယာနှင့် ယာဉ်ထိန်းရဲများအနေဖြင့် ဆိုင်ကယ်စီးသူ မည်သူတဦးတယောက်ကိုမှ ဒဏ်ရိုက်ပိုင်ခွင့်မရှိကြောင်း၊ အဆိုပါကိစ္စကို တရားသူကြီးသာ လုပ်ပိုင်ခွင့်ရှိကြောင်း၊ ဒဏ်ရိုက်ရာတွင်လည်း အထောက်အထား ခိုင်လုံမှုရှိရန်နှင့် လိုင်စင်မဲ့ ဆိုင်ကယ်စီးသူများထံမှ ဒဏ်ငွေများအား အာဏာပိုင်တို့က မည်သို့ သုံးစွဲနေကြောင်း၊ ယခုလို ဥပဒေမဲ့ ဒဏ်ငွေရိုက်နေခြင်းကို ရပ်ဆိုင်းပေးရန် ဆေးကျောင်းသားများက တောင်းဆိုခဲ့ကြသည်။ ❖

# ကိုဖီအာနန်က ရာဇာလီကို မြန်မာနိုင်ငံ စေလွှတ်ဦးမည်

စက်တင်ဘာ၊ (၂၃)ရက်။

မြန်မာနိုင်ငံတွင် အမျိုးသားရင်ကြားစေ့ရေး ဖော်ဆောင်မှု ပြန်လည်စတင်နိုင်ရေးအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ၎င်း၏အထူးသံကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ်ကို မြန်မာနိုင်ငံသို့ ယခုလကုန်ပိုင်းအတွင်း ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ(၃၀)ရက်မှ အောက်တိုဘာ(၂)ရက်နေ့အထိ (၃)ရက်ကြာ သွားရောက်မည့် မစ္စတာရာဇာလီ၏ မြန်မာနိုင်ငံခရီးစဉ်သည် ယခုတကြိမ်နှင့်ဆိုလျှင် (၁၁) ကြိမ်မြောက်ခဲ့ပြီဖြစ်ပြီး ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ လက်ရှိ မြန်မာ့နိုင်ငံရေး ဖြစ်ထွန်းမှုများကို အနီးကပ် စောင့်ကြည့်ရန် ရည်ရွယ်ထားကြောင်း၊ ထို့ပြင် နအဖထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံရန် အစီအစဉ်များပါရှိသလို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံနိုင်ရေးအတွက်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မျှော်လင့်ထားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူး၏ ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာအက်ဟတ်က စက်တင်ဘာ(၂၂)ရက်နေ့တွင် ပြောကြားခဲ့သည်။

၎င်းက အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် မေ(၃၀) ဒီပဲယင်းအရေးအခင်းတွင် ဖမ်းဆီးထားခြင်းခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များ၊ အဖွဲ့ဝင်များအတွက် စိုးရိမ်မကင်းဖြစ်နေပြီး ၎င်းတို့အားလုံးကို ဆိုင်းငံ့ခြင်းမရှိဘဲ အမြန်ဆုံးလွှတ်ပေးရန် ထပ်လောင်းတောင်းဆိုပါနေကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

❖

# အဖွဲ့ချုပ်ဝင်များအား တယောက်မကျန် ချေမှုန်းပစ်မည်ဟု ကမ်းရိုးတန်းတိုင်းမှူး ကြိမ်းဝါး

စက်တင်ဘာ၊(၁၇)ရက်။

တနင်္သာရီတိုင်းအတွင်း အန်အယ်လ်ဒီ ပါတီအပါအဝင် မည်သည့်ပါတီအဖွဲ့အစည်း မျှမကျန်ရအောင် အမြစ်ပြတ် ချေမှုန်း ဖျက်ဆီးသွားမည်ဟု တနင်္သာရီတိုင်း တယက ဥက္ကဋ္ဌသစ် ဗိုလ်မှူးချုပ် အုန်းမြင့်က ကြိမ်းဝါး ပြောဆိုခဲ့သည်ဟု သိရသည်။

ကမ်းရိုးတန်းတိုင်း တိုင်းမှူးနှင့် တနင်္သာရီတိုင်း တယကဥက္ကဋ္ဌအဖြစ် မကြာသေးမီကမှ ခန့်အပ်ခြင်းခံခဲ့ရသည့် ဗိုလ်မှူးချုပ် အုန်းမြင့်က ၎င်း၏တိုင်းအတွင်းရှိ ခယက ဥက္ကဋ္ဌများ၊ မယကဥက္ကဋ္ဌများနှင့် တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် တွေ့ဆုံမိတ်ဆက်ပွဲတွင် ၎င်းက ယခုလိုပြောဆိုလိုက်ခြင်းဖြစ်သည်။

ယခုလ(၁၂)ရက်နေ့က ကျင်းပခဲ့သည့် အဆိုပါအခမ်းအနားတွင် ဗိုလ်မှူးချုပ်အုန်းမြင့်က ယခင်တိုင်းမှူးများလက်ထက်ကတည်းက တနင်္သာရီတိုင်းသည် အန်အယ်လ်ဒီပါတီအင်အားအချိန့်ဆုံးတိုင်းအဖြစ် ကက(ကြည်း)၏ ချီးကျူးခြင်းခံခဲ့ရကြောင်း၊ မိမိလက်ထက်တွင်လည်း အဖွဲ့ချုပ်ဝင် စည်းရုံးရေးမှူးများ၊ အဖွဲ့ဝင်များ တယောက်မျှ မကျန်ရအောင် ချေမှုန်းသွားမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းအတွင်းရှိ ခယက၊ မယက ဥက္ကဋ္ဌများအနေဖြင့်လည်း မိမိတို့မြို့နယ်အတွင်းရှိ အန်အယ်လ်ဒီအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ နုတ်ထွက်သွားအောင် ဖိအားပေးဆောင်ရွက်ကြရန် လိုကြောင်း စသည့်အမှာစကားများ ပြောကြားခဲ့သည်ဟု ဆိုသည်။

ထိုနေ့မှာပင် ဗိုလ်မှူးချုပ်အုန်းမြင့်က ကော့သောင်မြို့ခံလူထုကို တအိမ်တယောက် မတက်မနေရအမိန့်ဖြင့် ခေါ်ယူခဲ့သည့်အပြင် အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာ(၁၆)ရွာတို့မှ တရွာလျှင် လူ(၅၀) မတက်မနေရအမိန့် ထုတ်ပြန်ပြီး လူထုအစည်းအဝေးတရပ်ကို မနက် (၈) နာရီမှ နေ့လည်(၁)နာရီအထိ ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဗိုလ်မှူးချုပ်အုန်းမြင့်က နအဖမှ ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံ အောင်မြင်စေရန် ထောက်ခံကြရမည်ဖြစ်ကြောင်း၊ ထိုညီလာခံကို တက်ရောက်ခွင့်ရှိပါလျက်နှင့် မတက်သူ (သို့မဟုတ်) တက်ရောက်ခွင့် မရသူများကို လာမည့် မြန်မာနိုင်ငံ အနာဂတ်အစိုးရအဖွဲ့ထဲတွင်ဖြစ်စေ၊ ပါတီတရပ်အဖြစ် ရပ်တည်ခွင့်ဖြစ်စေ၊ အဖွဲ့အစည်းတရပ်အဖြစ် ရပ်တည်ခွင့်ကိုဖြစ်စေ ပေးတော့မည် မဟုတ်ကြောင်း ပြောကြားသွားခဲ့သည်ဟု ဆိုသည်။

၎င်းက ဆက်လက်ပြောကြားရာတွင် မိမိတို့စစ်အစိုးရသည် တိုင်းပြည်အာဏာကို တောင်းခံသူကိုဖြစ်စေ၊ တိုက်ခိုက်ပြီးရယူရန် ကြိုးစားသူကို ဖြစ်စေ လက်ခံမည် မဟုတ်ဘဲ ပြင်းပြင်းထန်ထန် တုံ့ပြန်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုသွားသည်ဟု အစည်းအဝေးတက်ရောက်ခဲ့ရသူ မြို့သူမြို့သားများက ပြောကြားခဲ့ကြသည်။

ယခုအခါ တနင်္သာရီတိုင်းအတွင်းရှိ အဖွဲ့ချုပ်ဝင်များအား အာဏာပိုင်တို့က တမင် အမှုဆင်၍ ဖမ်းဆီးခြင်း၊ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ နုတ်ထွက်ခိုင်းခြင်းများ ပြုလုပ်လျက်ရှိရာ တနင်္သာရီတိုင်း ပုလောမြို့နယ် အဖွဲ့ချုပ် စည်းရုံးရေးမှူး ကိုသန်းစိုးအောင်ကို အာဏာပိုင်များက အပြစ်ရှာ ဖမ်းဆီးပြီး ထောင်ဒဏ်(၁၁)လ ချမှတ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ပလောက်ကျေးရွာရှိ အဖွဲ့ချုပ် အမျိုးသမီးအဖွဲ့ အတွင်းရေးမှူး မခင်ဌေးကိုလည်း အာဏာပိုင်များက နည်းအမျိုးမျိုး ခြိမ်းခြောက်ဖိအားပေးခဲ့သဖြင့် ယခုလ(၁၁)ရက်နေ့တွင် အဲန်အယ်လ်ဒီမှ နုတ်ထွက်ကြောင်း စာတင်ခဲ့ရသည်ဟု သိရသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးလွှတ်ပေးရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတောင်းဆို



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး
မစ္စတာကောလင်းပါဝဲလ်

စက်တင်ဘာ၊ (၄)ရက်။

ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံး လွှတ်ပေးရန် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ကောလင်းပါဝဲလ်က ယမန်နေ့က နအဖကို တောင်းဆိုခဲ့သည်ဟု သိရသည်။

မစ္စတာပါဝဲလ်က "ကျနော်တို့ဘက်ကတော့ နအဖ အပေါ် ဒဏ်ခတ်အရေးယူတာတွေ ရပ်သွားမှာ မဟုတ်ဘူး"ဟုလည်း အမေရိကန်အစိုးရ၏ သဘောထားကို ထပ်မံ သတိပေး ပြောကြားလိုက်သည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိအခြေအနေသည် မိမိတို့အတွက် လက်ခံနိုင်စရာ မရှိကြောင်း အကြိမ်ကြိမ် ပြောပြီးပြီဟု ၎င်းက ဆိုသည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်သည် ယနေ့အချိန်အထိ နေရာဒေသ အတိအကျ မသိရသည့် အကျဉ်းထောင်တွင် ဖမ်းဆီးခံ အခြေအနေနှင့် အစာငတ်ခံ ဆန္ဒပြနေကြောင်း သတင်းများ ပေါ်ထွက်လာနေချိန်ဖြစ်ရာ ထိုသတင်းနှင့်ပတ်သက်၍ မစ္စတာပါဝဲလ်က ထည့်သွင်းပြောဆိုသွားခြင်း မရှိခဲ့ပေ။ ❖

# ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ထောင်တွင်းဆန္ဒပြသူများအား ပစ်ခတ်နှိမ်နင်း၍ အကျဉ်းသားများသေဆုံး

စက်တင်ဘာ၊ (၉)ရက်။

စက်တင်ဘာ(၈)ရက်နေ့က ရေဝတီတိုင်း ပုသိမ်အကျဉ်းထောင်တွင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ထောင်တွင်းဆန္ဒပြနေကြသည့် အကျဉ်းသားများအား အာဏာပိုင်များက ပစ်ခတ်နှိမ်နင်းခဲ့သဖြင့် အကျဉ်းသားသေဆုံးမှုများ ရှိခဲ့သည်ကြောင်း သိရသည်။

စက်တင်ဘာ(၅)ရက် စနေနေ့ နေ့လည် (၂း၀၀)နာရီတွင် ပုသိမ်အကျဉ်းထောင်ရှိ နိုင်ငံရေးအကျဉ်းသားများဖြစ်သည့် မျိုးမင်းကျော်(ထောင်ဒဏ်–၅၂ နှစ်)၊ ကျော်ဇင်ထွေး (ထောင်ဒဏ်–၂၈ နှစ်)၊ နေအောင် (ထောင်ဒဏ်–၁၀ နှစ်)တို့နှင့် သေဒဏ်ကျခံထားရသော မျိုးအောင်၊ မျိုးသန့်၊ အောင်လှိုင်ဝင်း၊ သန်းထွေးတို့သည် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ပြန်လွှတ်ပေးရေး၊ နိုင်ငံရေးအကျဉ်းသားများ အမြန်ပြန်လွှတ်ပေးရေးနှင့် ထောင်တွင်း ကောင်းမွန်စွာနေထိုင်ရရေးတို့အတွက် ရက်သတ္တပတ်ကြာ အစာငတ်ခံ ဆန္ဒပြခဲ့ကြသည်။

ထိုသို့ နိုင်ငံရေးအကျဉ်းသားများ ဆန္ဒပြနေစဉ် (၈)ရက်နေ့ ညနေပိုင်း၌ ထောင်အတွင်းရှိ ရာဇဝတ်အကျဉ်းသားများပါ ပါဝင်လာပြီး ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရန် တောင်းဆို ဆန္ဒပြခဲ့ကြသည်။ ထိုအချိန်တွင် လုံထိန်းတပ်များနှင့် ရဲများ ရောက်လာပြီး အကြမ်းဖက် ပစ်ခတ်နှိမ်နင်းခဲ့ကြကြောင်း သိရသည်။

ထိုအကြမ်းဖက်ပစ်ခတ်နှိမ်နင်းမှုကြောင့် အကျဉ်းသား(၅)ဦး ပွဲချင်းပြီး သေဆုံးသွားပြီး ပုသိမ်ဆေးရုံအရောက်တွင် နောက်ထပ် (၇)ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။ သေဆုံးသွားသူများတွင် နိုင်ငံရေး အကျဉ်းသားများ ပါဝင်ခြင်း ရှိမရှိဆိုသည်ကို ယနေ့အချိန်ထိ စုံစမ်းရရှိခြင်း မရှိသေးပေ။

ပစ်ခတ်နှိမ်နင်းမှု ဖြစ်ပွားပြီးနောက် ပုသိမ်ထောင်သို့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ လာရောက်စစ်ဆေးမည်ကို အာဏာပိုင်များက စိုးရိမ်သဖြင့် အကျဉ်းသား(၁၅၀)ခန့်အား စက်တင်ဘာ(၁၂)ရက်နေ့က နေရာရွှေ့ပြောင်းလိုက်သည်ဟု သိရသည်။ ❖

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရတို့၏ ဥရောပစည်းရုံးရေးခရီးစဉ်



ဒေါက်တာစိန်ဝင်း



ဖဒိုမန်းရှာလားဖန်

**စက်တင်ဘာ၊ (၂၅)ရက်။**

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ အစိုးရများနှင့် ပြည်သူများအနေဖြင့် မြန်မာပြည်နိုင်ငံရေးလှုပ်ရှားမှုအား ပိုမို ထောက်ခံအားပေးလာစေရေးနှင့် ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လာစေရေးတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရတို့မှ ကိုယ်စားလှယ်အဖွဲ့တဖွဲ့ စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနှင့် ဖဒိုမန်းရှာခေါင်းဆောင်သည့် အဆိုပါအဖွဲ့သည် လန်ဒန်သို့ ရောက်ရှိစဉ် ဗြိတိသျှလေဘာပါတီမှ ဥက္ကဋ္ဌ၊ ကွန်ဆာဗေးတစ်ပါတီမှ ဒုဥက္ကဋ္ဌအပါအဝင် အလုပ်သမားသမဂ္ဂခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာအတိုက်အခံ အင်အားစုများ၏ ရပ်တည်ချက် သဘောထားများ၊ ဒီပဲယင်းလုပ်ကြံမှုနှင့်ပတ်သက်သည့် အချက်အလက်အထောက်အထားများ၊ နအဖစစ်အုပ်စု၏ နိုင်ငံရေးလမ်းပြမြေပုံနှင့် ပတ်သက်သည့် သုံးသပ်ချက် သဘောထားအမြင်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ယင်းကိုယ်စားလှယ်အဖွဲ့သည် မြန်မာအတိုက်အခံအင်အားစုများ၏ ရပ်တည်ချက်သဘောထားများနှင့် နအဖစစ်အုပ်စု၏ နိုင်ငံရေးကစားကွက်များအား နိုင်ငံတကာက သိရှိစေရန်အတွက် ဒီဇင်ဘာလတွင် အီးယူဥက္ကဋ္ဌ အလှည့်ကျတာဝန်ယူရမည့် အီတလီနိုင်ငံနှင့် အိုင်ယာလန်၊ ဂျာမဏီ၊ ဘယ်လ်ဂျီယံ၊ ဖင်လန်အစရှိသည့် ဥရောပနိုင်ငံများသို့ လှည့်လည်သွားရောက်မည်ဖြစ်သည်။

အထူးသဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာ့အရေးကို ပိုမိုစိတ်ဝင်စားမှုရှိလာပြီး မြန်မာအတိုက်အခံများနှင့် နအဖစစ်အစိုးရတို့အကြား တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်ရေးအတွက် အလေးအနက်ထား ဖိအားပေး ဆောင်ရွက်လာစေရန် ယခုခရီးစဉ်ကို ထွက်ခွာခဲ့ကြခြင်း ဖြစ်ကြောင်း သိရှိရသည်။ ❖

# ဒေသတွင်း အကြမ်းဖက်မှုအန္တရာယ်ကာကွယ်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မည်

**စက်တင်ဘာ၊ (၁၁)ရက်။**

မကြာမီလများအတွင်း အာဆီယံနိုင်ငံများတွင် ကျင်းပပြုလုပ်ရန်ရှိသည့် ထိပ်သီးအစည်းအဝေး(၂)ခုနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အကြမ်းဖက်သမားများ၏ အန္တရာယ်ကို ကာကွယ်ရန် အာဆီယံနိုင်ငံများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ပြုလုပ်ခဲ့သည့် ရဲအရာရှိကြီးများ၏ အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအားလုံးမှ ရဲအရာရှိကြီးများက သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ရှေ့လာမည့် အောက်တိုဘာ(၇)ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အာဆီယံ ထိပ်သီးညီလာခံကျင်းပမည်ဖြစ်ပြီး ထိုလ (၂၀–၂၁)ရက်နေ့များတွင် အမေရိကန် သမတ ဂျော့ဒဗလျူဘုရှ် တက်ရောက်မည့် အေပက်(APEC)ခေါ် အာရှပစိဖိတ်ဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ထိပ်သီးညီလာခံကို ထိုင်းနိုင်ငံမြို့တော်ဘန်ကောက်၌ ကျင်းပသွားရန်ရှိသည်။

ထိုညီလာခံများအပြီး ဒီဇင်ဘာလတွင် ဗီယက်နမ်နိုင်ငံ၌ အရှေ့တောင်အာရှနိုင်ငံများ၏ အားကစားပြိုင်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ရာ ထိုပြိုင်ပွဲကြီး၌ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှု အန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အာဆီယံနိုင်ငံ (၁၀)နိုင်ငံတို့သည် ထောက်လှမ်းရေးသတင်းများ အချင်းချင်းဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း သဘောတူခဲ့ကြသည်။

အာဆီယံဒေသတွင် အယ်လ်ဂိုက်ဒါးအကြမ်းဖက်အဖွဲ့ကြီး၏ အရှေ့တောင်အာရှအခွဲဖြစ်သည့် ဂျမားအစ္စလာမီယားအဖွဲ့၏ တိုက်ခိုက်ခံရမှုဒဏ်ကို ခံနေကြရပြီး၊ ပြီးခဲ့သည့်နှစ်က ဘာလီကျွန်း၌ ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် လူပေါင်း(၂၀၀)ကျော် သေဆုံးခဲ့ရသည်။ ထို့ပြင် ပြီးခဲ့သည့် ဩဂုတ်(၅)ရက်နေ့ကလည်း အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့ရှိ ဟော်တယ်တခု ဗုံးခွဲတိုက်ခိုက်ခံခဲ့ရသည့်အတွက် သေဆုံးမှုများ ဖြစ်ပွားခဲ့ရသေးသည်။

❖

# ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ခရီးစဉ်အဖွဲ့တွင် ပါဝင်ခဲ့သည့်အတွက် ကျောင်းဆရာမတဦး အလုပ်ဖြုတ်ခံရ

၂၀၀၂ ခု မေလက မန္တလေးမြို့သို့ ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိလာစဉ် ကြိုဆိုခဲ့သည်ဟု စွပ်စွဲ၍ အလယ်တန်းပြ ကျောင်းဆရာမ(၂)ဦးအား အာဏာပိုင်များက တဦးကို ရာထူးမှ ဖြုတ်ပစ်ပြီး ကျန်တဦးကို မြို့ပြောင်းရွှေ့ပစ်လိုက်ကြောင်း သိရသည်။

၂၀၀၂ ခု မေလ(၂၆)ရက်နေ့က မန္တလေးမြို့ တောင်စလင်းကျောင်းတိုက်ဆရာတော်ဦးတိက္ခအား အဂ္ဂမဟာပဏ္ဍိတဘွဲ့ ပူဇော်ပွဲ ကျင်းပခဲ့ရာ ထိုပူဇော်ပွဲသို့ အဘိဓဇ္ဇမဟာဂုရုဆရာတော်ကြီးများ ကြွရောက်လာသည့်အတွက် ဆရာတော်ကြီးများအား မန္တလေးမြို့သို့ ရောက်ရှိနေသည့် ဒေါ်အောင်ဆန်းစုကြည်က လာ ရောက်ဖူးမြော်ခဲ့သည်ဟု ဆိုသည်။

ထိုပွဲတော်တွင် ဆရာတော်ကြီးများ၏ အနီးကပ် ဝေယျာဝစ္စများ ပြုလုပ်ရန် သွားရောက်ခဲ့သည့် မန္တလေးမြို့ အမှတ်(၅) အလယ်တန်း ဆရာမများဖြစ်ကြသော ဒေါ်ခင်ဌေးကြည်နှင့် ဒေါ်ခင်မေအေးတို့သည် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ခရီးစဉ်အဖွဲ့တွင် ပါသွားသည့်အတွက် သီရိမြိုင်ရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်စိန်က နိုင်ငံရေး လုပ်ဆောင်နေကြောင်း အမှုဖွင့်ခဲ့သည်ဟု ဆိုသည်။ ထိုတိုင်ကြားချက်အရ ဌာနဆိုင်ရာက (၃)ရက်ကြာ စစ်ဆေးခဲ့ပြီးနောက် အမှတ်(၂) အခြေခံပညာဦးစီးဌာန၏ အမိန့်နှင့် ဒေါ်ခင်ဌေးကြည်ကို ရာထူးမှ ဖြုတ်ပစ်ခဲ့ခြင်းဖြစ်ပြီး ဒေါ်ခင်မေအေးကို မန္တလေးမှ တပ်ကုန်းမြို့သို့ ရွှေ့ပြောင်းပစ်ခဲ့ကြောင်း ဒေါ်ခင်ဌေးကြည်၏ ပြောပြချက်အရ သိရသည်။

ဒေါ်ခင်ဌေးကြည် ရာထူးမှ ထုတ်ပယ်ခြင်းခံခဲ့ရသည့်အတွက် ပူဇော်ပွဲသို့ ကြွရောက်ခဲ့ကြသည့် အဘိဓဇ္ဇမဟာဂုရု ဆရာတော်ကြီးများဖြစ်ကြသော ပခုက္ကူ အရှေ့တိုက်ဆရာတော်ကြီးအပါအဝင် ကျန်ဆရာတော်ကြီးများက ၎င်းတို့သည် နိုင်ငံရေးနှင့် ပတ်သက်ခြင်း မရှိဘဲ သာသနဝေယျာဝစ္စ ပြုလုပ်ခဲ့ခြင်းသာ ဖြစ်သည့်အတွက် သက်ညှာစွာ စဉ်းစားပေးရန် အာဏာပိုင်များထံ စာရေးမေတ္တာရပ်ခံထားသော်လည်း ယနေ့အချိန်အထိ ထူးခြားလာမှု မရှိခဲ့ပေ။ ကာယကံရှင် ဒေါ်ခင်ဌေးကြည်ကိုယ်တိုင်လည်း အဖြစ်မှန်ကို တင်ပြပြီး နအဖဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ အသနားခံစာ ပေးပို့ထားသည်ဟု ဆိုသည်။

ဒေါ်ခင်ဌေးကြည်က ၎င်းတို့သည် ထိုနေ့က ဆရာတော်ကြီးများ၏ ဝေယျာဝစ္စကို အနီးကပ်ဆောင်ရွက်နေစဉ် ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိလာချိန်၌ ခရီးစဉ်အဖွဲ့တွင် ပါသွားသဖြင့် သက်ဆိုင်ရာ ရပ်ကွက်ဥက္ကဋ္ဌက ၎င်းရာထူးပြုတ်မှာ စိုးသည့်အတွက် အမှုတင်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။

❖

# လူထုတိုက်ပွဲအရှိန်အဟုန်မြှင့်ရန် ကြိုးပမ်းသွားမည် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ကြေညာချက်ထုတ်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB) ဖွဲ့စည်းခြင်း (၁၁)နှစ်မြောက် အထိမ်းအမှတ်နေ့ကြေညာချက် တစောင်ထုတ်ပြန်ခဲ့ရာ တိုက်ပွဲအဆက်ဆက်နည်းမျိုးစုံပေးဆပ်ခဲ့သည့် အာဇာနည်များအား ဂုဏ်ပြုလျက် ပြည်တွင်းပြည်ပရှိ စစ်အုပ်စုဆန့်ကျင်ရေးအင်အားစုများ၊ နိုင်ငံတကာရှိ မြန်မာ့အရေးလှုပ်ရှားသူများအားလုံးနှင့် ကျယ်ပြန့်စွာ လက်တွဲ၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာသည့်တိုင် ဦးဆောင်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ပြုလိုက်သည်။

ထိုကြေညာချက်တွင် လူမျိုးစုံပြည်သူတရပ်လုံး၏ ကြိုးပမ်းမှုဖြင့် မြန်မာ့လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည့်အချိန်မှစ၍ စစ်အာဏာရှင်အဆက်ဆက်က လူမျိုးပေါင်းစုံပြည်သူလူထုအပေါ် ဖိနှိပ်ချုပ်ခြယ်မှုများ ပြုလုပ်နိုင်ရန် ပြည်တွင်းစစ်ကို ဖန်တီးကာ စစ်အာဏာရှင်စနစ်ကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင်လျက်ရှိကြောင်း၊ ထို့ပြင် ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်အား လျစ်လျူရှု၍ အများပြည်သူ၏ဆန္ဒကို ဆန့်ကျင်ခဲ့သည်သာမက ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်သည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ပြုလုပ်ရေးကိုလည်း လေးစားလိုက်နာမှု မရှိခဲ့ကြောင်း ဖော်ပြထားသည်။

ထို့နောက် ဆက်လက်ဖော်ပြထားရာတွင် ယနေ့မြန်မာပြည်၏ အထွေထွေ နိုင်ငံရေးပြဿနာများသည် ကြီးထွားလာသဖြင့် အာရှဒေသသာမက ကမ္ဘာ့အရပ်ရပ်နှင့် ကုလသမဂ္ဂကပါ အာရုံစိုက်လာရသည့်အဆင့်သို့ ရောက်နေကြောင်း NCUB အနေဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာ၍ ငြိမ်းချမ်းစွာ ဖြေရှင်းရေးကို အစဉ်တစိုက် တောင်းဆိုနေခဲ့သော်လည်း စစ်အုပ်စုက မေ(၃၀)ဒီပဲယင်းလုပ်ကြံမှုကြီးကို အစီအစဉ်တကျ ကျူးလွန်ခဲ့ပြီး ငြိမ်းချမ်းစွာ ဖြေရှင်းရေးလမ်းကြောင်းပေါ်မှ သွေဖီသွားခဲ့ကြောင်း ဖော်ပြခဲ့သည်။

ယခုလည်း စစ်အုပ်စုသည် စစ်အာဏာတည်မြဲရေးအတွက် အတုအယောင် အမျိုးသားညီလာခံကို ၎င်းတို့စိတ်ကြိုက် ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိသည့်အတွက် NCUB က စစ်အာဏာရှင်ဖြုတ်ချရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ထားရှိပြီး လူထုလှုပ်ရှားမှုများကိုလည်း အရှိန်မြှင့်တင်လျက် ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပြီး စစ်မှန်သည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

NCUB သည် မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB)၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(NDF)၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) (NLD-LA)နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့(MPU) စသည့် မဏ္ဍိုင်ကြီး(၄)ခုဖြင့် ဖွဲ့စည်းထားသော တပ်ပေါင်းစုအဖွဲ့ကြီးဖြစ်သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်ပေးရေး နိုဗယ်လ်ဆုရှင်များ တောင်းဆို

**စက်တင်ဘာ၊ (၁၇)ရက်။**

“နအဖစစ်အစိုးရအပေါ် ပြစ်ဒဏ်ခတ်မှုတွေ တိုးတက်လာရေးကို အီးယူက ပြုလုပ်လာဖို့အတွက် ကျမကြိုးပမ်းနေခဲ့ပါတယ်”ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်ရေးအတွက် အစဉ်တစိုက် တောင်းဆိုနေသူ ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရှင် မစ္စဂျိုဒီဝီလျံက ဗွီအိုအေအသံလွှင့်ဌာနနှင့် မေးမြန်းခန်းတွင် ထုတ်ဖော်ပြောဆိုသွားသည်။



ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်
မစ္စဂျိုဒီဝီလျံ

မစ္စဝီလျံက မိမိ၏ပြောကြားချက်သည် နိုဗယ်လ်ဆုရှင်အများအပြားကို ကိုယ်စားပြုပြောဆိုခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပေါ် ပြစ်ဒဏ်အသစ်များ ပြုလုပ်ရေးအတွက် အီးယူကော်မရှင်နာမင်းကြီးများထံ မိမိ တောင်းဆိုသည့်စာများ ပေးပို့ခဲ့ကြောင်း ဘန်ကောက်တွင် မြေမြှုပ်မိုင်းတားဆီးရေး ညီလာခံသို့တက်ရောက်ရန် ရောက်ရှိနေသည့် မစ္စဝီလျံက ဗွီအိုအေကို ပြောကြားခဲ့သည်။

၎င်းက “သိတဲ့အတိုင်း အမေရိကန်အစိုးရဟာ ပြစ်ဒဏ်ခတ်မှုတွေကို တိုးမြှင့်ခဲ့ပါတယ်၊ အီးယူလည်း ဒီလမ်း လိုက်သင့်တယ်လို့ ကျမတို့ ထင်ပါတယ်၊ ဒါပေမယ့် မလုပ်သေးတော့ ကျမတို့လည်း မကျေနပ်ကြဘူး”ဟု ဆက်လက်ပြောပြသွားသည်။

အီးယူသည် နအဖစစ်ဗိုလ်ချုပ်ကြီးများအား ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးလာစေရေးအတွက် ဗီဇာ ပိတ်ပင်ခြင်း၊ ၎င်းတို့၏ပိုင်ဆိုင်မှုများအား ပိတ်ပင်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး စစ်တပ်၏ အဓမ္မလုပ်အားခိုင်းစေမှုများအတွက် ကုန်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းများကိုပါ ပိတ်ပင်မှုပြုခဲ့သည်။

သို့ရာတွင် မစ္စဝီလျံက ဒီမိုကရေစီကို အမှန်တကယ်ထောက်ခံသည်ဆိုပါက မြန်မာနိုင်ငံတွင် တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်ပေါ်လာရန် စစ်အုပ်စုအား ယခုထက် ပိုမိုဖိအားပေးရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ❖

# စစ်ကျွန်လုပ်မလား

ဩဂုတ်လ(၃၀)ရက်နေ့မှာ နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စစ်အစိုးရပိုင် ငါ့မြင်းငါစိုင်း နိုင်ငံရေးလမ်းပြမြေပုံကို ထုတ်ပြလိုက်ပြီးတဲ့နောက် စက်တင်ဘာ(၇)ရက်နေ့မှာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အသစ်ကို ထပ်မံဖွဲ့စည်းလိုက်တဲ့ ကြေညာချက်တရပ် ပေါ်ထွက်လာပါတယ်။ အဲဒီနောက် စက်တင်ဘာ(၉)ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ နအဖစစ်စအစိုးရရဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောရေးဆိုခွင့်ရှိသူ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းက နအဖရဲ့ လမ်းပြမြေပုံပါအဆင့်တွေကို အချိန်ဇယားအတိအကျနဲ့ ပြောဆိုဖို့ ငြင်းဆိုသွားတဲ့အပြင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွှတ်ပေးရေးနဲ့ အဖွဲ့ချုပ်ရဲ့ အနာဂတ်အခန်းကဏ္ဍကိုလည်း တိတိကျကျ ပြောဆိုဖို့ ငြင်းဆိုသွားခဲ့တာ တွေ့ရပါတယ်။ ဒါပေမယ့် ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပနေတဲ့ အာဆီယံ ပုလိပ်အရာရှိထိပ်သီးညီလာခံကို တက်ရောက်နေတဲ့ နအဖ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီကတော့ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရင် ဆူပူမှုတွေဖြစ်လာနိုင်လို့ လတ်တလော ပြန်လွှတ်ပေးဖို့ မရှိဘူးလို့ ရှင်းရှင်းပြတ်ပြတ် ပြောဆိုသွားခဲ့ပါတယ်။

အဲဒီနောက်မှာ နအဖရဲ့ နိုင်ငံရေးလမ်းပြမြေပုံနဲ့ စစ်အစိုးရက ပြန်လည်ကျင်းပပြုလုပ်ပေးမယ့် အမျိုးသားညီလာခံကို အယုံအကြည်ရှိသူ၊ မရှိသူ၊ တက်ရောက်မယ့်သူ၊ မတက်ရောက်မယ့်သူဆိုပြီး ညီလာခံကိုယ်စားလှယ်ဟောင်းတွေအကြား၊ နိုင်ငံရေးပါတီတွေအကြား၊ ပြည်သူတွေအကြားမှာ အငြင်းအခုံတွေဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ ဒီတပတ် ပြည်တွင်းသတင်း သုံးသပ်ချက်ကဏ္ဍမှာ ဒီသတင်းတွေအပေါ် အခြေခံပြီး "စစ်ကျွန်လုပ်မလား၊ အာဇာနည်လုပ်မလား"ဆိုတဲ့ ခေါင်းစဉ်နဲ့ သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

စစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လတ်တလော ပြန်လွှတ်ပေးဦးမှာ မဟုတ်ဘူး ဆိုတဲ့အချက်ကတော့ သေချာပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းထားသရွေ့ ပြည်တွင်းပြည်ပတောင်းဆိုမှုတွေနဲ့ နိုင်ငံတကာဖိအားတွေဟာ မီတာတက်သလို မြင့်တက်လာနေလိမ့်မယ်ဆိုတာ စစ်အစိုးရ ဗိုလ်ချုပ်တွေ အသေအချာ သိကြပါတယ်။ ဒါပေမယ့် အာဏာလွှဲပြောင်းပေးဖို့ လုံးဝဆန္ဒမရှိတဲ့သူတို့မှာ ရွေးစရာလမ်း မရှိပါဘူး။ နိုင်ငံတကာကပေးလာမယ့် ဖိအားတွေ၊ ပိတ်ဆို့အရေးယူမှုတွေနဲ့စာရင် ဒေါ်အောင်ဆန်းစုကြည်က ပေးလာမယ့် ပြည်တွင်းဖိအားတွေက သူတို့အတွက် ပိုပြီးအန္တရာယ်ရှိလိမ့်မယ်လို့ တွက်ထားလို့ဖြစ်ပါတယ်။ ဒီ စက်တင်ဘာလဟာ တခြားလတွေနဲ့စာရင် နအဖ ဗိုလ်ချုပ်တွေအတွက် ပိုပြီး စိုးရိမ်ကြောင့်ကျစိတ်တွေ ပေါ်ပေါက်စေတဲ့လ ဖြစ်ပါတယ်။ ဒီလ(၁၆)ရက်နေ့ဟာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) စတင်ဖွဲ့စည်းခဲ့တဲ့ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပါတယ်။ (၁၈)ရက်နေ့ကတော့ နဝတစစ်အစိုးရက သွေးချောင်းစီး အာဏာသိမ်းပွဲပြုလုပ်ခဲ့တဲ့ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။ ဒါ့အပြင် စက်တင်ဘာ(၂၇)နေ့ဟာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့တွေနဲ့ တိုက်ဆိုင်နေလို့ ဖြစ်ပါတယ်။ ဒါကြောင့် နအဖစစ်အစိုးရက ဒီလ (၃)ရက်နေ့ကနေ (၃၀)ရက်နေ့အထိကို အရေးပေါ်ကာလအဖြစ်သတ်မှတ်ထားပြီး လက်နက်ကိုင်တပ်ဖွဲ့တွေအားလုံးကို တပ်လှန့်ထားရတဲ့အထိ စိုးရိမ်ကြောက်လန့်တာ ဖြစ်ပါတယ်။

စက်တင်ဘာလဟာ တခြားလတွေနဲ့စာရင် နအဖ ဗိုလ်ချုပ်တွေအတွက် ပိုပြီး စိုးရိမ်ကြောင့်ကျစိတ်တွေ ပေါ်ပေါက်စေတဲ့လ ဖြစ်ပါတယ်။ ဒီလ(၁၆)ရက်နေ့ဟာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) စတင်ဖွဲ့စည်းခဲ့တဲ့ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပါတယ်။ (၁၈)ရက်နေ့ကတော့ နဝတစစ်အစိုးရက သွေးချောင်းစီး အာဏာသိမ်းပွဲပြုလုပ်ခဲ့တဲ့ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။ ဒါ့အပြင် စက်တင်ဘာ (၂၇)နေ့ဟာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့တွေနဲ့ တိုက်ဆိုင်နေလို့ ဖြစ်ပါတယ်

နအဖရဲချုပ်က ဒေါ်အောင်ဆန်းစုကြည်ကို လတ်တလော ပြန်လွှတ်ပေးဦးမှာ မဟုတ်သေးဘူးဆိုပေမယ့် အခြေအနေပေးမယ်ဆိုရင် တသက်လုံးလည်း ပြန်လွှတ်ပေးချင်မှာ မဟုတ်ပါဘူး။ ဒါ့ထက် ပိုဖြစ်နိုင်ရင် အချုပ်ထဲမှာတင် အသေသတ်ပစ်ချင်နေမှာ သေချာပါတယ်။ ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ကြောင့် သူတို့ဆင်ထားသလို ဖြစ်မလာခဲ့တဲ့အပြင် ဒေါ်အောင်ဆန်းစုကြည်ကို သုံးနှစ်သုံးမိုး နေအိမ်အကျယ်ချုပ်ချထားပြီး သူတို့စိတ်တိုင်းကျ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အပိုင်ရေးဆွဲချမှတ်ဖို့ စီစဉ်ခဲ့တဲ့ စစ်အစိုးရရဲ့ အတုအယောင် အမျိုးသားညီလာခံကြီးကလည်း အခြေခံမူ(၁၀၄)ချက်ဆိုတာကို ချမှတ်နိုင်တဲ့အဆင့်ကိုရောက်ပြီးမှ ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်လာပြီး သိပ်မကြာခင်မှာပဲ ရှေ့ဆက်လို့မရတော့တဲ့အဖြစ်နဲ့ ကြုံခဲ့ရပြန်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်အပေါ် စစ်အာဏာရှင်အုပ်စုတခုလုံးက တူးတူးခါးခါး နာကျည်းမုန်းတီးနေတာ ဖြစ်ပါတယ်။ ပြည်သူလူထုကလည်း ဘယ်လိုပဲ၊ ဘယ်လောက်ပဲ၊ ခြိမ်းခြောက်ဖိနှိပ်မှုတွေ လုပ်လုပ်၊ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ချစ်ခင်လေးစား ကြည်ညိုထောက်ခံနေကြဆဲဖြစ်ပြီး နိုင်ငံတကာကလည်း ဒေါ်အောင်ဆန်းစုကြည်အပေါ် စာနာထောက်ခံမှုတွေပြတဲ့အနေနဲ့ ဖိအားပေးအရေးယူမှုတွေ တနေ့တခြား တိုးချဲ့လုပ်ဆောင်လာနေတာကြောင့်လည်း စစ်အာဏာရှင်တွေအဖို့ ပိုပြီး မခံချိမခံသာ ဖြစ်နေရပါတယ်။

ဒါကြောင့် အာဏာလွှဲပေးဖို့၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို လက်ခံဖို့ လုံးဝစိတ်ကူးမရှိခဲ့တဲ့ စစ်အစိုးရအဖို့ ဖြတ်သန်းခဲ့တဲ့ (၁၅)နှစ်တာကာလကို ပြန်လည်ဆန်းစစ်ကြည့်တဲ့အခါ သူတို့ကို အဓိက ဒုက္ခပေးနေသူဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်မှတပါး အခြားမရှိဘူးဆိုတာ သေသေချာချာ သဘောပေါက်သွားခဲ့ပုံရပါတယ်။ ဒါကြောင့် မကြာခင်က ပြုလုပ်ခဲ့တဲ့ နအဖအဖွဲ့ထဲက အပြောင်းအလဲတွေဟာ ဘယ်သူတွေ တက်တယ်၊ ဘယ်သူတွေ ကျတယ် ဆိုတာထက် ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်ကို အပြီးအပိုင် ချေမှုန်းရေးပြန်လုပ်ဖို့နဲ့ ဖြစ်ပေါ်လာမယ့် ပြည်တွင်းပြည်ပ ဖိအားတွေကို ကြံ့ကြံ့ခံ ရင်ဆိုင်ရေးတို့အတွက် ညှိနှိုင်းတိုင်ပင်စီစဉ်ပြီး တာဝန်ခွဲဝေယူခဲ့ကြတာဖြစ်ဖို့ ပိုများနိုင်ပါတယ်။

အခု ထင်ထင်ရှားရှား မြင်တွေ့လာရတဲ့အချက်အလက်တွေအရ ပျော့ပျော့နဲ့နံ့တဲ့ ကြောင်ချေးလို အပျော့ဆွဲ ဆွဲတတ်တဲ့ ဗိုလ်ခင်ညွန့်အနေနဲ့ ဝန်ကြီးချုပ်ရာထူးကို လွှဲပြောင်းယူလိုက်တာဟာ နအဖအဖွဲ့ထဲမှာ လုပ်ပိုင်ခွင့်အာဏာတွေ ကျဆင်းသွားတာမျိုး မဟုတ်ဘူးဆိုတာ သိသာလာပါတယ်။ သူ့အနေနဲ့ နအဖစစ်ကောင်စီထဲမှာ အတွင်းရေးမှူး(၁) မဟုတ်တော့ပေမယ့် လက်ရှိ အတွင်းရေးမှူး(၁)နဲ့ (၂)တွေရဲ့အပေါ်မှာ ဆက်လက်ရှိနေတယ်ဆိုတဲ့အချက်ကိုတော့ သူမိန့်ခွန်းချွေတဲ့၊ ဩဝါဒပေးတဲ့အခမ်းအနားတွေမှာ အတွင်းရေးမှူး(၁)နဲ့ (၂)ပါ တခြားအဖွဲ့ဝင်တွေနဲ့အတူ စာအုပ်ကလေးတွေ ကိုင်ပြီး လိုက်ရေးမှတ်နေရတဲ့ ဓာတ်ပုံတွေက သက်သေခံနေပါတယ်။ နအဖစစ်ကောင်စီအတွင်းက သူ့ရာထူးကို တရားဝင်ကြေညာတာမျိုး မရှိသေးပေမယ့် လုပ်ပိုင်ခွင့်ကတော့ အထွေထွေအတွင်းရေးမှူးအဆင့်မျိုးမှာ ရှိနေသေးတယ်လို့ ယူဆရပါတယ်။ လူတကာဖိန့်ဖိန့်တုန်အောင် ကြောက်လန့်ရတဲ့ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်ဆိုတဲ့ ရာထူးကိုလည်း စွန့်လွှတ်လိုက်ရပြီလို့ မကြားရသေးပါဘူး။ ဒါကြောင့် ဗိုလ်ခင်ညွန့်အနေနဲ့ ဝန်ကြီးချုပ်ရာထူးကို ဗိုလ်သန်းရွှေထံက လွှဲပြောင်းရယူလိုက်တာဟာ နိုင်ငံတကာရဲ့ဖိအားတွေ လျော့နည်းကျဆင်းလာအောင် မျက်နှာပြကောင်းဖို့နဲ့ နိုင်ငံတကာဖိအားတွေကြောင့် ရင်ဆိုင်လာရတော့မယ့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အကျပ်အတည်းမျိုးစုံကို အနီးကပ် ကွပ်ကဲသွားနိုင်ဖို့ ရည်ရွယ်ခဲ့တာဖြစ်ဖို့ များပါတယ်။

အတွင်းရေးမှူး(၁) ဗိုလ်စိုးဝင်းကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်အပေါ် သဘောထားတင်းမာသူပီပီ အပြတ်ချေမှုန်းရေးလုပ်ဖို့ အထူးတာဝန်နဲ့ အတွင်းရေးမှူး(၁)ရာထူးကို ပေးအပ်ခဲ့တာ ဖြစ်နိုင်ပါတယ်။ စစ်အာဏာရှင်တွေရဲ့ အနာဂတ်ခရီးလမ်းမှာ ဆူးငြောင့်ခလုတ်လိုဖြစ်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်ကို အပြီးအပိုင် ချေမှုန်းနေစဉ်မှာ တဖက်ကလည်း စစ်အာဏာရှင်စနစ် တရားဝင် ရှင်သန် ရပ်တည်ခွင့်ရဖို့ကလည်း အရေးကြီးလာပါတယ်။ ဒါကြောင့် စစ်အာဏာရှင်စနစ် တရားဝင်ဖြစ်စေနိုင်မယ့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မရရတဲ့နည်းနဲ့၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရေးဆွဲအတည်ပြုနိုင်အောင် ကြိုးပမ်းဖို့ ဗိုလ်သိန်းစိန်ကို အထူးတာဝန်ပေးပြီး တွင်း(၂)ရာထူး ခန့်အပ်လိုက်တာ ဖြစ်နိုင်ပါတယ်။ ဗိုလ်ရွှေမန်းကတော့ အထူးစစ်ဆင်ရေးအဖွဲ့မှူး (၄)ဦးနဲ့အတူ လက်နက်ကိုင်တပ်ဖွဲ့တွေကို ထိန်းချုပ်ဖို့ တာဝန်ယူပါလိမ့်မယ်။ ထိပ်ဆုံးက နအဖဥက္ကဋ္ဌကြီးနဲ့ ဒုတိယဥက္ကဋ္ဌကြီးတို့ကတော့ ပေါ်လစီအရ ထိန်းချုပ်ကွပ်ကဲညွှန်ကြားတဲ့ နေရာတွေမှာ တာဝန်ဆက်ယူကြလိမ့်မယ်လို့ ယူဆရပါတယ်။

အခုဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးမယ်၊ မပေးဘူး၊ အဖွဲ့ချုပ်ကို အမျိုးသားညီလာခံ တက်ခွင့်ပေးမယ်၊ မပေးဘူး၊ အမျိုးသားညီလာခံကို ဘယ်သူတွေနဲ့ ဘယ်အချိန်မှာ စလုပ်မယ်၊ ဘယ်အချိန်မှာ လူထုဆန္ဒခံယူပွဲ လုပ်မယ်၊ ဘယ်အချိန်မှာ ရွေးကောက်ပွဲအသစ် လုပ်မယ်၊ ဘယ်အချိန်မှာ အာဏာလွှဲမယ်ဆိုတာတွေဘာမှ အတိအကျ ဖော်ပြမထားတဲ့ ဗိုလ်ခင်ညွန့်ရဲ့ နိုင်ငံရေးလမ်းညွှန်မြေပုံကြီးနဲ့ နအဖ စစ်အုပ်စုကတော့ ခရီးဆက်နေပါပြီ။ ဗိုလ်ခင်ညွန့်ကွပ်ကဲနေတဲ့ စစ်ထောက်လှမ်းရေးအဖွဲ့ကလည်း ဒေါ်အောင်ဆန်းစုကြည် အစာအငတ်ခံဆန္ဒပြနေတဲ့ သတင်းများကို အမေရိကန်ထောက်လှမ်းရေးနဲ့ နိုင်ငံခြားရေးဌာနကို တဖက်လှည့်နဲ့ပေးခဲ့ပြီး ပြည်တွင်းပြည်ပအပေါ် စိတ်ဓာတ်စစ်ဆင်ရေး တန်ပြန်ထိုးစစ်ကို အကြီးအကျယ် အရှိန်မြှင့်ဆင်နွှဲနေပါပြီ။ ဝန်ကြီးချုပ်ဗိုလ်ခင်ညွန့်ကလည်း နိုင်ငံတကာဖိအားတွေကို တောင့်ခံရပ်တည်နိုင်ဖို့အတွက် ဝန်ကြီးဌာနအလိုက် ပြင်ဆင်မှုတွေကို စတင်လုပ်ဆောင်ဖို့ ညွှန်ကြားနေပါပြီ။ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စပ် ကုန်သွယ်ရေး တိုးမြှင့်ဖို့ကိုလည်း ကိုယ်စားလှယ်အဖွဲ့တွေ စေလွှတ်ပြီး အရေးတကြီး ညှိနှိုင်းဆောင်ရွက်မှုတွေ ပြုလုပ်နေကြပါပြီ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အပြတ်ချေမှုန်းဖို့ တာဝန်ယူရသူကလည်း ညွှန်ကြားချက်တွေ ထုတ်ပြန်ပြီး တပြည်လုံးမှာ အရှိန်အဟုန်နဲ့ စတင်လုပ်ဆောင်နေပါပြီ။ ဒီတချိ လုပ်မယ့်အစီအစဉ်ကတော့



# အာဏာနှည်လုပ်မလား

> ရွေးချယ်တင်မြှောက် ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်ဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးအတွက်ဖြစ်တယ်လို့ ပြင်ဆင်ဖော်ပြထားပေမယ့် တကယ် အခြေခံဥပဒေ ရေးဆွဲဖို့ အမျိုးသားညီလာခံခေါ်တဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို တက်ရောက်ခွင့်ပေးတာ မဟုတ်ဘဲ ညီလာခံကိုယ်စားလှယ် (၇၀၂)ဦးရှိတဲ့ အနက် လွှတ်တော်ကိုယ်စားလှယ် (၁၀၇)ဦး ကိုသာ တက်ရောက်ခွင့်ပေးခဲ့ပါတယ်။

၂၀၀၁ ခုနှစ်မတိုင်ခင်က လုပ်ခဲ့တဲ့ပုံစံတွေနဲ့ နည်းနည်းကွဲပြားလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ ကြံ့ဖွံ့တွေနဲ့ အစည်းအဝေးကြီးတွေလုပ်၊ အင်အားပြ၊ ခြိမ်းခြောက်တာမျိုးက ပြည်တွင်းပြည်ပရဲ့ အာရုံစိုက်မှုကို ပိုများစေပြီး နိုင်ငံတကာဖိအားတွေကို ပိုဖြစ်ပေါ်လာစေဖို့ လှုံ့ဆော်ပေးရာ ရောက်တယ်လို့ နအဖက သုံးသပ်ထားပါတယ်။ ဒါကြောင့် အခုထုတ်ပြန်တဲ့ ညွှန်ကြားချက်တွေထဲမှာ ပြင်ဆင်ညွှန်ကြားခဲ့တာကို တွေ့ရပါတယ်။ ရဲတပ်ဖွဲ့ကို ညွှန်ကြားတဲ့ ညွှန်ကြားချက်တွေထဲမှာတော့ အဖွဲ့ချုပ်ခေါင်းဆောင်တွေနဲ့ ပါတီဝင်တွေကို ချဲ လောင်းကစားမှု အပါအဝင် ဖြစ်နိုင်သမျှ ရာဇဝတ်ပြစ်မှုတွေနဲ့ တရားစွဲ အရေးယူနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ ထည့်သွင်းညွှန်ကြားထားတာ တွေ့ရပါတယ်။

နှစ်ပေါင်းများစွာ ရပ်ဆိုင်းထားခဲ့ရတဲ့




နအဖက ပြန်လည်အသက်သွင်းရန် ကြိုးစားနေသော ၁၉၉၃ ခုနှစ်က စတင်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ရပ်စဲသွားခဲ့သည့် အတုအယောင်အမျိုးသားညီလာခံ

အဖွဲ့ချုပ်ကို မြို့နယ်အသီးသီးမှာ စုစည်းလှုပ်ရှားနိုင်ခြင်း၊ ပြည်သူလူထုနဲ့ ထိတွေ့စည်းရုံးနိုင်ခြင်း မရှိအောင် ကြပ်မတ်ဆောင်ရွက်ကြဖို့၊ ပါတီစည်းရုံးရေးမှူးအဆင့်ဆင့်ကို ပါတီလုပ်ငန်းတွေအပေါ် အာရုံစိုက် လုပ်ဆောင်ခြင်း မပြုနိုင်အောင် မိသားစုအတွင်း စားဝတ်နေရေး အကျပ်အတည်းတွေ ပေါ်ပေါက်အောင် ဆောင်ရွက်ပြီး နောက်ဆုံး ပါတီက အလိုအလျောက် နှုတ်ထွက်သွားစေတဲ့အထိ အဖွဲ့ချုပ်ပါတီဝင်တွေနဲ့ မိသားစုတွေကို နည်းလမ်းမျိုးစုံအသုံးပြုပြီး ပိုရိုသေသပ်စွာ ဖိအားပေးသွားကြဖို့၊ ထည့်သွင်းညွှန်ကြားခဲ့ပါတယ်။ မေ(၃၀) ဒီပဲယင်း လူသတ်ပွဲအပြီး ပြည်ပကို ထွက်ပြေးတိမ်းရှောင်ဖို့ ကြိုးပမ်းတဲ့ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အဖွဲ့ချုပ်ခေါင်းဆောင်တွေကို ပိတ်ဆို့တားဆီးဖို့ မူလက ထုတ်ပြန်ထားတဲ့ အမိန့်ကိုလည်း ဩဂုတ်လဆန်းပိုင်းမှာ ပြန်လည်ပယ်ဖျက်လိုက်ပြီး အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ခေါင်းဆောင်တွေရဲ့ ပြည်ပကို ထွက်ခွာဖို့ ကြိုးပမ်းအားထုတ်မှုမှန်သမျှကို ဟန့်တားနှောင့်ယှက်ခြင်းမပြုပဲ မသိကျိုးကျွံပြုပြီး လွှတ်ပေးဖို့၊ ထွက်ခွာရာလမ်းကြောင်းနဲ့ ထွက်ခွာရာလမ်းကြောင်းတလျှောက် ပံ့ပိုးကူညီသူတွေကိုသာ မျက်ခြေမပြတ် စောင့်ကြည့်ထောက်လှမ်းတင်ပြဖို့ စစ်အုပ်စုရဲ့ အတုအယောင် အမျိုးသားညီလာခံကြီးကို ပြန်လည်အသက်သွင်းရမယ့် သူကလည်း ယခင် ညီလာခံကို တက်ရောက်ခဲ့တဲ့ ကိုယ်စားလှယ်တွေရဲ့ အခြေအနေတွေကို တီးခေါက်စုံစမ်းမှုတွေ စတင်လုပ်ဆောင်နေပါပြီ။ ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီတွေရဲ့ သဘောထားနဲ့ ရွေးကောက်ခံကိုယ်စားလှယ်တဦးချင်းရဲ့ သဘောထားတွေကိုလည်း တီးခေါက်စုံစမ်းမှုတွေ ပြုလုပ်နေပါတယ်။ အပစ်အခတ် ရပ်စဲရေးအဖွဲ့တွေ၊ သဘောထားတွေကိုလည်း သွားရောက်တွေ့ဆုံ စုံစမ်းတာတွေ၊ ရန်ကုန်ကို ခေါ်ယူတွေ့ဆုံစုံစမ်းတာတွေ လုပ်နေပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲက လွှတ်



စတဲ့ စဉ်းစားချက်တွေ၊ ငြင်းခုံမှုတွေနဲ့ စစ်အုပ်စုက စစ်ကျွန်ဇာတ်သွင်းဖို့ လုပ်နေတာကို ထပ်အချိန်ကုန်ခံပြီး စောင့်ကြည့်နေစရာ လုံးဝ မလိုတော့ဘူးလို့ ထင်ပါတယ်။ စစ်အုပ်စု ဘက်ပေါင်းစုံအကျပ်အတည်းတွေနဲ့ ကြုံတွေ့နေရချိန်ကို အခွင့်ကောင်းယူပြီး အတွင်းအပြင် လှုပ်ရှားမှုတွေကို ဟန်ချက်ညီပေါင်းစပ်တိုက်ပွဲဝင်ဖို့ အချိန်ရောက်နေပါပြီ။ ဒီအခွင့်အရေးကိုမှ ဒီတချီ အသုံးမချနိုင်ခဲ့ကြရင် မြန်မာပြည်သူတွေဟာ ဆယ်စုနှစ်ပေါင်းများစွာ ထပ်ပြီး စစ်ကျွန်အဖြစ်နဲ့ ရပ်တည်နေကြရဦးမှာ ဖြစ်ပါတယ်။

စစ်အုပ်စုဟာ သူတို့လိုချင်တာကို မရမချင်း ကတိတည်မဲ့လူစားမျိုးတွေ၊ စေ့စပ်တော်ကိုယ်စားလှယ်တချို့နဲ့ တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း ချဉ်းကပ်စည်းရုံးမှုတွေ စတင်ပြုလုပ်နေပြီ ဖြစ်ပါတယ်။

နအဖဘက်က အခုလို ပြင်ဆင်လုပ်ကိုင်နေတာတွေဟာ သေရေးရှင်ရေး အဆုံးအဖြတ်ပေးတော့မယ့် စစ်ပွဲကြီးတခုကို မီးကုန်ယမ်းကုန် ရင်ဆိုင်တိုက်ခိုက်ဖို့အတွက် သံဓိဋ္ဌာန်ချမှတ်ပြီး ပြင်ဆင်နေတဲ့ပုံသဏ္ဌာန်မျိုး ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် တချိန်က ပြောခဲ့ဖူးတဲ့စကားတခွန်းလို "စစ်အစိုးရအနေနဲ့ အမျိုးသားရင်ကြားစေ့ရေးအတွက် တွေ့ဆုံဆွေးနွေးရေးလမ်းကို ရွေးမလား၊ ဒါမှမဟုတ် အားလုံး ပျက်သုဉ်းတဲ့လမ်းကို ရွေးမလား"ဆိုတာကို နအဖဘက်က အလုပ်နဲ့ အဖြေပေးခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်မှာ "နအဖက ဘာဆက်လုပ်ဦးမလဲ"၊ "သူတို့ ပြန်လည်ကျင်းပပြုလုပ်ပေးမယ့် အမျိုးသားညီလာခံဟာ အရင်ကလို ညီလာခံမျိုးလား၊ အရင်က လူတွေနဲ့ အရင်က မူတွေအတိုင်းလားဆိုတာ အချိန်ပေး စောင့်ကြည့်သင့်တယ်"၊ "အမျိုးသားညီညွတ်ရေးဆိုတာက တဖြည်းဖြည်းနဲ့ သွားမှရမယ်၊ ဒါကြောင့် အခုလုပ်မယ့် ညီလာခံမှာ စစ်တပ်က လွှတ်တော်ကိုယ်စားလှယ် (၂၅)ရာခိုင်နှုန်း ထပ်တောင်းလာရင် အချိန်ကာလတခုအထိ လက်ခံသင့်တယ်"

ညှိနှိုင်းအဖြေရှာမယ့်လူစားမျိုးတွေ မဟုတ်သလို တိုင်းပြည်နဲ့ လူမျိုးရဲ့မျက်နှာကိုလည်း ကြည့်ခဲ့တဲ့သူတွေ မဟုတ်ဘူးဆိုတာ သူတို့ စစ်အာဏာရှင်သက်တမ်းတလျှောက် ပြောဆို လုပ်ကိုင်ခဲ့တာတွေက အထင်အရှား သက်သေပြခဲ့ပြီးပါပြီ။ ၁၉၉၀ မေလ(၂၇)ရက်နေ့မှာ နဝတစစ်အစိုးရက ဦးစီး ဦးရွက်ပြု ကျင်းပပြုလုပ်ပေးခဲ့တဲ့ အထွေထွေရွေးကောက်ပွဲဟာ အခြေခံဥပဒေရေးဆွဲရမယ့် "တိုင်းပြုပြည်ပြုလွှတ်တော်"မျိုး မဟုတ်ပဲ၊ နိုင်ငံတော်ရဲ့ အချုပ်အချာအာဏာ (၃)ရပ်ကို သုံးစွဲခွင့်ရှိတဲ့ "ပြည်သူ့လွှတ်တော်"မျိုးသာဖြစ်တယ်ဆိုတာကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း(၂) "လွှတ်တော်ဖွဲ့စည်းခြင်း"ကဏ္ဍမှာ အတိအလင်း ဖော်ပြထားခဲ့ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲမှာ အဖွဲ့ချုပ်က မထင်မှတ်ပဲ အပြတ်အသတ်အနိုင်ရရှိသွားတဲ့အခါ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမရှိပဲ ဘယ်လိုလုပ် အာဏာလွှဲလို့ ရမလဲ၊ အခု ရွေးကောက်ပွဲရဲ့ တခုတည်းသောဦးတည်ချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ်ရဲ့ မူကြမ်းကို ဝိုင်းဝန်းရေးဆွဲကြမယ့် ကိုယ်စားလှယ်တွေကို ရွေးချယ်ဖို့အတွက်သာ ဖြစ်တယ်လို့ နဝတ စစ်အစိုးရက ရွေးကောက်ပွဲအပြီး (၂)လတိတိ အကြာမှာ ထုတ်ပြန်ခဲ့တဲ့ ကြေညာချက် အမှတ်(၁/၉၀)မှာ ဖော်ပြခဲ့ပြီး ၁၉၉၀ အထွေထွေရွေးကောက်ပွဲရဲ့ရလဒ်ကို အရှက်သိက္ခာကင်းမဲ့စွာနဲ့ စတင်ပယ်ဖျက်ခဲ့တာ ဖြစ်ပါတယ်။ သူတို့လက်နဲ့ ရေးတာကို သူတို့ဘာသာ ခြေနဲ့ဖျက်ခဲ့ရုံသာမက "နိုင်ငံတော်အာဏာကိုရယူရေးအတွက် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲ၍ အစိုးရဖွဲ့စည်းခြင်းကို မည်သည့်နည်းနှင့်မျှ လက်ခံမည် မဟုတ်ပါ"လို့လည်း ခြိမ်းခြောက်ခဲ့ပါသေးတယ်။

စစ်အုပ်စုဟာ ကြေညာချက် (၁/၉၀)ကို မလိုက်နာရင် ပြင်းပြင်းထန်ထန် အရေးယူမယ်လို့ ရွေးကောက်ပွဲအနိုင်ရပါတီတွေကို ခြိမ်းခြောက်ခဲ့ပေမယ့် သူတို့ကိုယ်တိုင်ကျတော့ အဲဒီကြေညာချက်အတိုင်း အတိအကျ လိုက်နာလုပ်ဆောင်တာမျိုး မရှိခဲ့ပါဘူး။ အဲဒီကြေညာချက်မှာ ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်ဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးအတွက်ဖြစ်တယ်လို့ ပြင်ဆင်ဖော်ပြထားပေမယ့် တကယ် အခြေခံဥပဒေ ရေးဆွဲဖို့ အမျိုးသားညီလာခံခေါ်တဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို တက်ရောက်ခွင့်ပေးတာ မဟုတ်ဘဲ ညီလာခံကိုယ်စားလှယ် (၇၀၂)ဦးရှိတဲ့အနက် လွှတ်တော်ကိုယ်စားလှယ် (၁၀၇)ဦး ကိုသာ တက်ရောက်ခွင့်ပေးခဲ့ပါတယ်။ ညီလာခံ တက်ရောက်ခွင့်ရသူတွေကိုလည်း သဘာပတိကအစ ဘာမှ လွတ်လွတ်လပ်လပ် တင်ပြဆွေးနွေးခွင့် မပေးခဲ့ဘဲ ညီလာခံကျင်းပရေးကော်မရှင်ကသာ အစစ ချုပ်ကိုင်ပြီး သူတို့ကြိုတင်ရေးဆွဲချမှတ်ထားတဲ့ ဆုံးဖြတ်ချက်တွေကိုသာ အတင်းအကြပ် အတည်ပြုခိုင်းခဲ့တာဖြစ်တယ်လို့ ညီလာခံကို သပိတ်မှောက်ထွက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မားကိုဘန်းနဲ့ ဦးဒယ်နီရယ်အောင်တို့က အကြိမ်ကြိမ် ပြောဆိုခဲ့ဖူးပါတယ်။

ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မပေးပဲ၊ အဖွဲ့ချုပ်နဲ့ တွေ့ဆုံဆွေးနွေး



ညှိနိုင်းခြင်း မရှိပဲ၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို တစုံတရာ အသိအမှတ်မပြုဘဲ၊ ပါသင့်ပါထိုက်တဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေ စုံစုံညီညီ မပါဝင်ပဲ စစ်အုပ်စု သဘောဆန္ဒတခုတည်းနဲ့ ပြုလုပ်မယ့် ဘယ်လို အတုအယောင် အမျိုးသားညီလာခံမျိုးကိုမှ တက်ရောက်ဖို့ မလိုဘူးဆိုတာ စိတ်ဒုံးဒုံးချထားသင့်ပါတယ်။ ပြည်သူလူထုက ယုံကြည်အားကိုးစွာနဲ့ ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်ခြင်းခံခဲ့ရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူတွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်တရပ်ကို ကိုယ့်ဘာသာကိုယ် အမြန်ဆုံး ခေါ်ယူကျင်းပသင့်နေပြီ ဖြစ်ပါတယ်။ စစ်အစိုးရကိုယ်တိုင်က မလိုက်နာတဲ့ သူတို့ရဲ့ကြေညာချက် အမှတ်(၁/၉၀)ကိုလည်း ပြည်သူလူထုအနေနဲ့ အသိအမှတ်ပြုလိုက်နာနေစရာ လုံးဝမလိုကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ❖

**[ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည့် အပတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက် အမှတ်စဉ် (၁၁၀)မှ ကူးယူဖော်ပြသည်။]**

# အရေးပေါ်ခွဲစိတ်ကုသမှုခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးပြန်လွှတ်ပေးရန် MPU က ကြေညာချက် ထုတ်ပြန်



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်

**စက်တင်ဘာ၊ (၁၉)ရက်။**

အရေးပေါ်ခွဲစိတ်ကုသမှုခံယူနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်အပါအဝင် အခြားအရေးပါသည့် တောင်းဆိုချက်များ ပါဝင်သည့် ကြေညာချက်တစောင်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU)က ယနေ့ ထုတ်ပြန်လိုက်သည်။

ဒီပဲယင်းလုပ်ကြံတိုက်ခိုက်မှုကြီး ဖြစ်ပွားခဲ့သည့် မေ(၃၀)ရက်နေ့မှစ၍ နအဖစစ်အုပ်စုက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထိန်းသိမ်းထားခဲ့ရာ (၄)လမျှ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယနေ့အချိန်အထိ မည်သည့်နေရာတွင် ထားရှိကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ရာ ပြီးခဲ့သည့် သောကြာနေ့က ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့ အာရှတော်ဝင် ပုဂ္ဂလိကဆေးရုံ၌ အရေးပေါ် ခွဲစိတ်ကုသခြင်း ခံခဲ့ရကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းက အတည်ပြုပြောကြားခဲ့သည်။

ထိုသတင်းထွက်ပေါ်လာသည့်အတွက် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေအတွက် မိမိတို့အနေဖြင့် အထူးစိုးရိမ်ပူပန်မိကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်ကပြောကြားခဲ့သည်။

၎င်းက "ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လမ်းညွှန်ပေးဖို့ အဓိကအခန်းမှာ ပါဝင်တဲ့ ခေါင်းဆောင်ဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ခွဲစိတ်ကုသခံနေတဲ့ လူနာတယောက်ဖြစ်လို့၊ နောက်ပြီးတော့ အသက်ကြီးတဲ့ လူကြီးတယောက်လည်းဖြစ်တဲ့အတွက်ကြောင့် မကျန်းမာတဲ့လူ၊ ခွဲစိတ်ကုသနေသူတဦးအနေနဲ့ တရားဥပဒေအရ လွှတ်ပေးရမှာ ဖြစ်တယ်။ လူသားချင်း စာနာတဲ့စိတ်နဲ့လည်း လွှတ်ပေးရမှာဖြစ်တယ်"ဟု ပြောကြားသွားခဲ့သည်။

အဆိုပါကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည် ယခုလို အရေးပေါ် ခွဲစိတ်ကုသမှုခံယူရသည့်အတွက် နအဖအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံး ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်လှစ်ခွင့်ပေးရန်၊ နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းနိုင်ရန် တိုင်းရင်းသားများ ပါဝင်သည့် သုံးပွင့်ဆိုင်ဆွေးနွေးရေးကို အမြန်ဆုံး အကောင်အထည်ဖော်ပေးရန် နအဖစစ်အုပ်စုအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့က တစိုက်မတ်မတ် တောင်းဆိုပါကြောင်း ဖော်ပြထားသည်။ ❖

# အမျိုးသားညီလာခံပြန်စလျှင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့ များအားလုံး တက်ရောက်ခွင့်ရမှ ကေအိုင်အိုတက်မည်

**စက်တင်ဘာ၊ (၁၂)ရက်။**

နအဖနှင့် အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များအနက် အင်အားအကြီးဆုံးအဖွဲ့ဖြစ်သည့် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO)က နအဖက ကြေညာသွားခဲ့သည့် မြန်မာ့ဒီမိုကရေစီရေး လမ်းပြမြေပုံအရ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပမည်ဆိုလျှင် နိုင်ငံရေးပါတီများအားလုံး၊ လူမျိုးစုများကိုယ်စား တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး ကျယ်ကျယ်ပြန့်ပြန့် တက်ရောက်ခွင့်ပြုမှသာ ကေအိုင်အေက တက်ရောက်မည်ဖြစ်ကြောင်း နအဖဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ခင်ညွန့်ထံ စာတစောင် ရေးသားပေးပို့ခဲ့သည်။

အဆိုပါစာတွင် ကေအိုင်အိုအနေဖြင့် နအဖ၏ လမ်းပြမြေပုံကို ထောက်ခံကြောင်းနှင့် အမျိုးသားညီလာခံကိုလည်း ကြိုဆိုပါကြောင်း ဖော်ပြထားသော်လည်း ယခု ပြန်လည် ကျင်းပမည့် အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီများ၊ လူမျိုးစုကိုယ်စားလှယ် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် တက်ရောက်ခွင့်ပြုမှသာ ကေအိုင်အိုက တက်ရောက်မည်ဖြစ်ကြောင်း ရေးသားထားသည်။

ထို့ပြင် ထိုညီလာခံသို့ တက်ရောက်သူကိုယ်စားလှယ်များသည် စိတ်သဘောထားကျယ်ပြန့်သည့်အမြင်ဖြင့် တဦးအပေါ်တဦး နားလည်စွာ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အမျိုးသားညီလာခံ၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေရေးဆွဲခြင်း စသည်တို့အား တဆင့်ပြီးတဆင့် ပြုလုပ်ပြီးမှ ရွေးကောက်ပွဲလုပ်မည်ဆိုပါက လက်တွေ့ကျမည်ဖြစ်ကြောင်း ကေအိုင်အိုအကြီးအကဲ ဗိုလ်မှူးကြီး ဇော်ဆိုင်းက နအဖဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ စာတစောင် ရေးသားပေးပို့ခဲ့သည်ဟု သိရသည်။ ❖

# တစည ညီလာခံခေါ်ယူခွင့်ရှိသော်လည်း အခြားပါတီများ လွတ်လပ်စွာလှုပ်ရှားခွင့်မရ

**စက်တင်ဘာ၊ (၂၆)ရက်။**

ယခုလ(၂၄)ရက်နေ့တွင် တစညပါတီ၏ (၁၅)နှစ်မြောက် ပြည်လုံးကျွတ်ညီလာခံအား ရန်ကုန်မြို့ရှိ ပါတီဌာနချုပ်ရုံး၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ ပြည်လုံးကျွတ်ညီလာခံ ကျင်းပခြင်းသည် ဗိုလ်ချုပ်ခင်ညွန့်၏ လမ်းပြမြေပုံပါ လမ်းညွှန်ချက်များအရ ရွေးကောက်ပွဲ သစ်ဝင်ရန်အတွက်ဖြစ်သည်ဟု အကဲခတ်များက သုံးသပ်ကြသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးခေါင်းဆောင်များအား ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီများ၏ လှုပ်ရှားခွင့်များအား ထိန်းချုပ်ပိတ်ပင်ထားခြင်းတို့ကို ပြုလုပ်နေ၍ အခြားတဘက်၌ တစညပါတီ တခုတည်းကိုသာ လူထုစည်းဝေးပွဲ ခေါ်ယူခွင့်နှင့် ပြည်လုံးကျွတ် ညီလာခံကျင်းပခွင့်ပေးခြင်းတို့အပေါ် ဦးခွန်ထွန်းဦးနှင့် ဗိုလ်အောင်နိုင်တို့က ၎င်းတို့၏ အမြင်များကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက "အခုအချိန်မှာ အခြားနိုင်ငံရေးပါတီတွေရဲ့ စည်းရုံးလှုပ်ရှားခွင့်တွေကို ပိတ်ပင်ထားပြီးတော့ တစညပါတီတခုတည်းကိုသာ တနိုင်ငံလုံးအတိုင်းအတာနဲ့ စည်းရုံးလှုပ်ရှားခွင့် ပေးထားတာမျိုးဟာ မဖြစ်သင့်ပါဘူး။ ပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ခေါင်းဆောင်တွေလည်း အဖမ်းခံနေရတယ်၊ ရုံးတွေလည်း ချိတ်ပိတ်ခံထားရတယ်"ဟု ၎င်း၏အမြင်ကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ဝါရင့်နိုင်ငံရေးသမားကြီးတဦးဖြစ်သူ ဗိုလ်အောင်နိုင်က"အခုလို တစညကို ညီလာခံလုပ်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်ပြုတယ်ဆိုရင် အခြား နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားပါတီတွေအားလုံးကိုလည်း ဒီလိုအခွင့်အရေးမျိုး ညီညီမျှမျှ ပေးသင့်ပါတယ်။ အဲဒီလိုပေးမှ ပါတီစုံစနစ်က ရှိတော့မှာပေါ့။ ခုလိုမျိုး တဘက်ကို အခွင့်အရေးပေးပြီး၊ တဘက်ကို ပိတ်ပင်တာမျိုး ခွဲခွဲခြားခြားမလုပ်သင့်ပါဘူး။ တန်းတူညီမျှမှုရှိသင့်ပါတယ်"ဟု ၎င်း၏အမြင်ကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ဆက်လက်၍ ဦးခွန်ထွန်းဦးက ရှမ်းပြည်တောင်ပိုင်း၌ စည်းရုံးရေးခရီးစဉ်များ လုံးဝထွက်ခွင့်မပြုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များအား ဖိအားပေး၍ နုတ်ထွက်ခိုင်းခြင်းများကိုလည်း ပြုလုပ်နေကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။ ❖

# လက်

လက်က သေနတ်ကိုကိုင်တယ်။

လက်ဟာ သစ်ပင်စိုက်နိုင်တယ်  
လက်ဟာ ကလေးကို ယုယနိုင်တယ်  
လက်ဟာ အိမ်ဆောက်နိုင်တယ်  
လက်ဟာ ကောက်ရိတ်နိုင်တယ်။

ဒါပေမယ့်  
သူက သေနတ်ကို မောင်းဆွဲတယ်။

လက်ကို ဆန့်တန်းလို့ရတယ်  
နောက်ပြီး မျက်ရည်သုတ်လို့ရတယ်  
ဒဏ်ရာကို ဆေးထည့်ပေးလို့ရတယ်  
သစ်သီးခူးလို့ရတယ်  
သေနတ်ကို မြေမြှုပ်ပစ်လို့ရတယ်။

နောက်ပြီး  
ငြိမ်းချမ်းရေးကို လက်လှမ်းနိုင်တယ်။ ။

[ပြည်သူ့အာဏာဂျာနယ် အမှတ်(၂၄)၊ ဇူလိုင် ၂၀၀၃ မှ Margrit Pittman ၏ ကဗျာအား ကူးယူဖော်ပြသည်။]

# ဗိုလ်ချုပ်အောင်ဆန်းပုံများ မဖြုတ်လျှင် အရေးယူမည်

**စက်တင်ဘာ၊ (၂၅)ရက်။**

မန္တလေးတိုင်းအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ချိတ်ဆွဲထားသည့် ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံများအား ဖြုတ်ချပစ်ရန် အထက်မြန်မာနိုင်ငံ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

နယ်လှည့်စစ်ဆေးရေးခရီးစဉ်အတွင်း ဦးကိုကိုကြီးက ခေါင်းဆောင်ဆိုသည်မှာ နှစ်ယောက်မရှိ၊ တယောက်တည်းရှိကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဓာတ်ပုံကို ယှဉ်တွဲ၍ ချိတ်ဆွဲထားရန်မလိုကြောင်း၊ ထို့ကြောင့် ကျောင်းတိုင်း ကျောင်းတိုင်း၌ ချိတ်ဆွဲထားသည့် ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံများကို ဖြုတ်ချပစ်ကြရမည်ဖြစ်ကြောင်း၊ ဖြုတ်မချပါက အရေးယူမည်ဖြစ်ကြောင်း အမိန့်ပေးခဲ့သည်ဟု မန္တလေးတိုင်းမှ အမည်မဖော်လိုသည့် ကျောင်းအုပ်ဆရာကြီးတဦးက ပြောကြားခဲ့သည်။

❖

# ပြည်သူပိုင်မြေများ ရောင်းစား၍ ကိုယ်ကျိုးရှာနေ

ရခိုင်ပြည်နယ် မြေပုံမြို့တွင် မယက အာဏာပိုင်များက ဒေသခံ ပြည်သူများပိုင်လယ်မြေများအား အဓမ္မသိမ်းယူ၍ အိမ်မြေကွက်များ ပြန်ရိုက်ကာ ရောင်းစားပြီး ကိုယ်ကျိုးရှာနေကြောင်း သိရသည်။

မြေပုံ မယကဥက္ကဋ္ဌ ဦးမြသန်း ဦးဆောင်သည့် အာဏာပိုင်အဖွဲ့သည် ဒေသခံပြည်သူများ၏ လယ်ယာမြေများကို အဓမ္မသိမ်းယူပြီး ပေ(၄၀×၆၀) အိမ်ယာကွက်များဖော်၍ မြေတကွက်လျှင် ကျပ်နှစ်သိန်း (၂၀၀,၀၀၀)နှုန်းဖြင့် ပြန်လည်ရောင်းချကာ ကိုယ်ကျိုးစီးပွားရှာနေကြောင်း၊ ထို့ပြင် လယ်မြေများကို သိမ်းယူ၍ သဘော်ဆိပ်အသစ်ဆောက်လုပ်ထားသော ဆိပ်ကမ်းဝန်းကျင်တွင်လည်း ပိုမိုစည်ကားလာစေရေးအကြောင်းပြ၍ ဒေသခံများအား အဓမ္မလုပ်အားပေးခိုင်းစေနေကြောင်း သိရသည်။

ဦးမြသန်းသည် မကွေးတိုင်း မယကဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့စဉ်ကလည်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များကို ဖမ်းဆီးပြီး မတရားလာဘ်ယူမှုများ လုပ်ခဲ့သဖြင့် မြေပုံမြို့သို့ ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

❖

# ဖွတ် မထွက်ခင်ကတည်းက ဖောလိုမှန်း သိတယ် [၂]

**မောင်ပေါက်ကျိုင်း**

၀ ယခင်လမှအဆက်

စစ်အုပ်စုဟာ သူတို့ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ အမိန့်၊ ကြေညာချက်၊ ကတိစကားတွေကို ဒီကနေ့အထိ လေးစားလိုက်နာ အကောင်အထည် မဖော်ခဲ့တဲ့အပြင် အဲန်အယ်လ်ဒီကို အပြုတ်ချေမှုန်း၊ ဒေါ်အောင်ဆန်းစုကြည်ကို ရှင်းလင်းသုတ်သင်၊ ကိုယ့်ပြည်သူကို ကိုယ်ပြန်သတ်တဲ့ အလုပ်တွေကိုပဲ ဆက်တိုက်လုပ်နေတယ်ဆိုတာ သူတို့ရဲ့ လုပ်ရပ်တွေက သက်သေပြနေတယ်။

၂၀-၇-၉၀ နေ့ အဲန်အယ်လ်ဒီ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ခေါ်ယူရေး တညီတညွတ်တည်း လက်မှတ်ရေးထိုး တောင်းဆိုခဲ့ပြီးနောက် စစ်အုပ်စုက လွှတ်တော်ကိုယ်စားလှယ်တချို့ကို နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခဲ့တယ်။ ဒီထောင်ဒဏ်ကြောင့် တချို့ ထောင်ထဲမှာပဲ ကွယ်လွန်၊ တချို့ နယ်စပ်ကို ထွက်ခွာလာခဲ့ရတယ်။

ရွေးကောက်ပွဲကော်မရှင်က ၂၈-၁-၉၁ ရက်နေ့မှာ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ အဆင့်ဆင့်သော ဦးဆောင်အဖွဲ့များအား ၂၆-၄-၉၁ ရက်နေ့မှာ တည်ရှိတဲ့ အင်အားအတိုင်းသာ ထားရှိဖို့နဲ့ တိုးချဲ့ဖွဲ့စည်းခြင်းများ မလုပ်ဖို့ အကြောင်းကြားခဲ့တယ်။ ဒါ့အပြင် ဦးဆောင်အဖွဲ့ဝင် (၅)ဦးထက် လျော့နည်းသွားပါက ယင်းအဖွဲ့အစည်းများကို ပယ်ဖျက်ရမည်ဟုလည်း ကန့်သတ်ခဲ့ပြန်တယ်။ ဗဟိုမှအစ ရပ်/ကျေးအဖွဲ့အစည်းများအထိ ဦးဆောင်အဖွဲ့ (၅)ဦး မပြည့်တော့ရင် အဲန်အယ်လ်ဒီဌာနချုပ်ကိုပင် အသိပေး အကြောင်းကြားခြင်း မရှိပဲ တချက်လွှတ်အမိန့်၊ တချို့ နှုတ်အမိန့်ဖြင့်သာ အမိန့်အမျိုးမျိုးပေးပြီး ဖျက်သိမ်းပစ်ခဲ့တယ်။

ဒီကိစ္စဟာ ကော်မရှင်အနေနဲ့ လုပ်ပိုင်ခွင့် မရှိတဲ့အပြင် ဒီကန့်သတ်ချက်တွေဟာ ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့်နောက် တနှစ်ကျော်မှ ထွက်ပေါ်လာတာဖြစ်တယ်။ တမင်သက်သက် ကန့်သတ်ချုပ်ချယ်လိုတဲ့ သဘောထားမှအပ အခြားဘာရည်ရွယ်ချက်မှ မရှိဖြစ်နေတယ်။ ဒါဟာ အဲန်အယ်လ်ဒီကို ပျက်ပြုန်းသွားစေမယ့် ရည်ရွယ်ချက်သာဖြစ်တယ်ဆိုတာ ထင်ရှားတယ်။

နောက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ်(၁၀/၉၁) ၁၀-၇-၉၁ နေ့တွင် ထုတ်ပြန်ပြီး စစ်အာဏာပိုင်များရဲ့အမိန့်အမှတ်(၄/၉၁) ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုနှင့် အကျင့်စာရိတ္တပျက်ပြားမှုနှင့် ပတ်သက်သော ပြစ်မှုများကို သတ်မှတ်သည့် ‘အမိန့်’တွေကို ထုတ်ပြန်ခဲ့တယ်။ ဒီအမိန့်ပေါ် မူတည်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ပိုင်ခွင့် မရှိကြောင်း ပြဋ္ဌာန်းခဲ့သည် သာမက တချို့လွှတ်တော်ကိုယ်စားလှယ်တွေကို ‘၁၀ နှစ်အတွင်း ကျင်းပမယ့် ရွေးကောက်ပွဲမှာ ပါဝင်ရွေးကောက်ခွင့် မရှိ’လို့ ဥပဒေနောက်ကြောင်းပြန်ပြီး ပြဋ္ဌာန်းခဲ့တယ်။

ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပရေးလုပ်ငန်းအတွက်သာ ဖွဲ့စည်းထားခဲ့တဲ့ ကော်မရှင်ဟာ ရွေးကောက်ပွဲ ပြီးသွားတဲ့နောက် သက်ဆိုင်ရာမဲဆန္ဒနယ်မှာ ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) မဲဆန္ဒရှင်တွေရဲ့ ကန့်ကွက်လျှောက်ထားခြင်းမရှိဘဲ လွှတ်တော်ကိုယ်စားလှယ်တချို့ရဲ့ ရွေးကောက်ပွဲ ကုန်ကျစရိတ် တင်သွင်းတဲ့ကိစ္စတွေကို ဥပဒေပြဋ္ဌာန်းချက်နဲ့ ဆန့်ကျင်ပြီး ကော်မရှင်က အရေးယူဆောင်ရွက်ခဲ့တယ်။

၁၉၉၆ (မေလ ရွေးကောက်ပွဲ (၆)နှစ်မြောက်နေ့)မှာ အဲန်အယ်လ်ဒီက ပြည်နယ်/တိုင်း မြို့နယ်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်များ ရန်ကုန်ကိုလာဖို့ ဖိတ်ခေါ်တာကိုလည်း မလာရောက်နိုင်အောင် ဟန့်တားချုပ်ချယ်ခဲ့တယ်။ တချို့ကို ရဲစခန်းခေါ်ထားတာ၊ ကာယကံရှင်မရှိရင် ၎င်းရဲ့အိမ်ထောင်သည်ဇနီးကို ခေါ်သွားတာတွေ လုပ်လာတယ်။

၁၉၉၆ခု ဇွန်လ(၄)ရက်နေ့ ညနေမှာ အဲန်အယ်လ်ဒီဌာနချုပ်က ကိုယ်စားလှယ်အချို့ကို နဝတ ထောက်လှမ်းရေးက ညွှန်မှူး ကျော်ဝင်း၊ ရဲချုပ်စိုးဝင်း၊ သတင်းတပ်ဖွဲ့က ဗဟိန်း၊ ထောက်လှမ်းရေး သန်းထွန်းတို့က ဝန်ကြီးများရုံးမှာ ခေါ်တွေ့တယ်။ ထောက်လှမ်းရေးအဖွဲ့က အသင့်ရေးထားတဲ့ နဝတရဲ့ စာတမ်းကို ကျော်ဝင်းက ဖတ်ပြတယ်။ “အဓိက(၂)ချက်ရှိတယ်။ တချက်က ဒေါ်စုရဲ့ တက္ကသိုလ်ရိပ်သာလမ်း နေအိမ်ရှေ့မှာ စနေ၊ တနင်္ဂနွေ လူထုဟောပြောပွဲများကို လုပ်ခွင့်ပြုမှာ မဟုတ်ကြောင်းနဲ့ နောက်တခုက ဖွဲ့စည်းပုံဥပဒေနဲ့ ပတ်သက်တာ ဖြစ်တယ်။

(၁) အဲန်အယ်လ်ဒီက အခြေခံဥပဒေရေးရန် နဝတနဲ့စင်ပြိုင်ဖြစ်မယ်။ (၂) ရေးဆွဲချင်ရင် တောထဲသွားရေးဆွဲ။ (၃) ရေးဆွဲရင် အဖွဲ့ချုပ်ကို မတရားအသင်းအဖြစ် ကြေညာမယ်။ (၄) စစ်တပ်က အာဏာသိမ်းထားတဲ့ အစိုးရဖြစ်တယ်။ ဘယ်သူ့ကိုမှ မကြောက်ဘူး။ နိုင်ငံခြားကိုလည်း မကြောက်ဘူး။

ဒါတွေဟာ အစိုးရတရပ်အနေနဲ့ လုံးဝမထားသင့်၊ မထားထိုက်တဲ့ တာဝန်မဲ့သဘောထားဖြစ်တယ်။ ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေကို တရားဥပဒေဘောင်အတွင်းက ထွက်ခွာခိုင်းပြီး သူပုန်လုပ်ဖို့ ဆော်ဩတာဖြစ်တယ်။ သူတို့ ပြောပြောနေတဲ့ နိုင်ငံရေးဦးတည်ချက်သုံးရပ်ကို သူတို့ဖာသာ သူတို့ချေမှုန်းဖျက်ဆီးနေတာဖြစ်တယ်။

၁၉၉၆ ခု စက်တင်ဘာ(၂၇)ရက်နေ့မှာ အဲန်အယ်လ်ဒီက နိုင်ငံလုံးဆိုင်ရာညီလာခံ ကျင်းပဖို့ လုပ်ဆောင်ရာမှာ စစ်အုပ်စုက အမျိုးမျိုး ဟန့်တားပိတ်ပင်မှုတွေ လုပ်ခဲ့တယ်။ အဖွဲ့ဝင်အများအပြားကို ရဲစခန်းအသီးသီးမှာ ရက်ရှည် ခေါ်ယူထိန်းသိမ်းခဲ့တယ်။ နဝတရဲ့ သတင်းထုတ်ပြန်ချက်မှာ “မေးမြန်းဖို့ ခေတ္တခေါ်ယူခြင်းသာ ဖြစ်တယ်”လို့ ရှင်းပြခဲ့ပေမယ့်၊ တကယ်က အဖမ်းခံရတဲ့ အဖွဲ့ချုပ် အဖွဲ့ဝင်အများအပြားဟာ ရာဇဝတ်သားတွေလို ဆက်ဆံခံရရုံသာမက တရားဥပဒေနဲ့မညီတဲ့ ပြုမှုမှုတွေပါ ခံကြရတယ်။ အမျိုးသမီးတဦးကို အမျိုးသားများအချုပ်ခန်းမှာ အမျိုးသားများနဲ့အတူ ရောထားတာ (လမ်းမတော်ရဲစခန်း)၊ အဖွဲ့ချုပ် အဖွဲ့ဝင် အမျိုးသမီးတွေကို ပြည့်တန်ဆာမိန်းကလေးများနဲ့အတူ အချုပ်ခန်းတခန်းတည်းမှာ (အင်းစိန်၊ ကြည့်မြင်တိုင်) ချုပ်နှောင်ထားတာတွေ ခံခဲ့ကြရတယ်။

၁၉၉၆ မေ နဲ့ စက်တင်ဘာလအတွင်း အဖွဲ့ချုပ် အဖွဲ့ဝင်အများအပြားအပါအဝင် အဖွဲ့ချုပ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် (၂၃၈)ဦး ဖမ်းဆီးထိန်းသိမ်းခဲ့တယ်။ လွှတ်တော်ကိုယ်စားလှယ်အချို့ကို ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ ၅(ည)၊ အချို့ကို ၁၉၇၅ နိုင်ငံတော်အား နှောင့်ယှက် ဟန့်တား ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၁၀(က) စတဲ့ ပုဒ်မတွေ တပ်ပြီး ဖမ်းဆီးခဲ့တယ်။

အဲဒီလို ဖမ်းဆီးထားတဲ့ ကာလအတွင်းမှာ စစ်အာဏာပိုင်တွေက အဖွဲ့ချုပ်ကိုယ်စားလှယ်တွေကို အကျပ်ကိုင်ခြိမ်းခြောက်ဖိအားပေးတာ၊ ဖြားယောင်းသွေးဆောင်၊ တလွဲပြောတာတွေ လုပ်ပြီး မိမိသဘောဆန္ဒအရ မဟုတ်ဘဲ ကိုယ်စားလှယ်အဖြစ်က နုတ်ထွက်စေခဲ့တယ်။

အများကြီးထဲက ဥပမာတချို့ ပေးရမယ်ဆိုရင် ....

ကချင်ပြည်နယ် ဗန်းမော်ရှိ ခလရ (၅၆) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးကိုကိုက ရွှေကူမြို့နယ် စည်းရုံးရေးအဖွဲ့ဝင်တွေကို ခေါ်ပြောရာမှာ “အဲန်အယ်လ်ဒီက မထွက်ရင် အသက်အန္တရာယ်ရှိနိုင်တယ်။ အခု နိုင်ငံရေး မလုပ်နဲ့ဦး၊ ညီလာခံပြန်ခေါ်ပြီး၊ အတည်ပြုပြီးမှ နိုင်ငံရေးကို ဘယ်အဖွဲ့မှာမဆို ဆက်လုပ်ချင်ရင် လုပ်နိုင်တယ်” (ညီလာခံဆိုတာ နဝတ ဦးစီးလုပ်နေတဲ့ အမျိုးသားညီလာခံဖြစ်ပြီး အတည်ပြုပြီးဆိုတာ အဲဒီညီလာခံက အတည်ပြုပေးမယ့် အခြေခံဥပဒေသစ်ကို ဆိုလိုတာဖြစ်တယ်။)

“မင်းတို့က သားကောင်တွေပဲ၊ တို့က ချောင်းမပစ်ချင်လို့ အသံပေးတာ တို့အဖို့ကတော့ ပစ်ရုံပဲရှိတယ်၊ အခွင့်အရေးဆိုတာ တကြိမ်ပဲ ရှိတယ်၊ နှစ်ကြိမ်မရှိဘူး၊ မင်းတို့နားလည်ဖို့က စစ်တပ်က အုပ်ချုပ်နေတာ၊ အထက်က ခိုင်းတဲ့အတိုင်း လုပ်ရမှာပဲ၊ ဆူညှောင့်ခလုတ်မှန်သမျှ အကုန်ရှင်းပစ်မှာပဲ၊ တိုင်းပြည်ကို ဘယ်နိုင်ငံရေးသမားမှ တို့လောက် မချစ်ဘူး”

ကရင်ပြည်နယ် ဘားအံရှိ ထောက်လှမ်းရေး(၂၅)မှ တပ်မှူး ဗိုလ်မှူး ခင်မောင်ကြည်က လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထွေးမြင့်ကိုပြောရာမှာ“မင်းတို့လို အဆင့်အတန်းကို ငါလိုအဆင့်က ဘာမှ စကားပြောနေစရာ မလိုဘူး၊ မင်းတို့ ပါတီ နိုင်လို့ ခင်ဗျား သမတဖြစ်လို့ သတ်ပစ်လည်း ငါက ဂရုစိုက်တဲ့ အကောင် မဟုတ်ဘူး”

၁၉၉၆ခု နိုဝင်ဘာ(၁)ရက်နဲ့ (၃)ရက်နေ့တွေမှာ ကြံ့ဖွံ့အသင်း အတွင်းရေးမှူးတဦးဖြစ်တဲ့ ရထားပို့ဆောင်ရေး ဝန်ကြီး ဝင်းစိန်ဟာ စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် လယ်ပြင်ရွာနဲ့ ကသာမြို့နယ် သိမ်အင်းရွာတွေကိုသွားရောက်ပြီး ရွာလုံးကျွတ် ကြံ့ဖွံ့အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲတွေ လုပ်ခဲ့တယ်။ တက်ရောက်လာတဲ့ လူထုကို စကားပြောရာမှာ ဒေါ်အောင်ဆန်းစုကြည်ကို သဘောထားပြင်းထန်တဲ့ ပုဂ္ဂိုလ်ရေးထိုးနှက်တိုက်ခိုက်မှုတွေ လုပ်ခဲ့တယ်။ ဝင်းစိန်ပြောတဲ့ စကားတွေထဲက အပြင်းထန်ဆုံးအချက်ကို ထောက်ပြရရင် ....

“ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်ဖြစ်အောင်လုပ်နေသူ ဒေါ်စုကြည်ကို သုတ်သင်ရှင်းလင်းပစ်ရမယ်။ သုတ်သင်ရှင်းလင်းပစ်ရမယ်ဆိုတာ နားလည်ကြသလား၊ သုတ်သင်ရှင်းလင်းပစ်ရမယ်ဆိုတာ သတ်ပစ်ရမယ်လို့ဆိုတာ ဖြစ်တယ်” တဆက်တည်း ဆက်ပြီးတော့ “ဒေါ်အောင်ဆန်းစုကြည်ကို သတ်ရဲသလားလို့” ဒေါသတကြီး မေးမြန်းတိုင်တည်ခဲ့တယ်။ တက်ရောက်လာသူတွေက ဘယ်သူမှ မဖြေကြပါဘူး။

ခုလို တာဝန်ရှိဝန်ကြီး၊ ကြံ့ဖွံ့အတွင်းရေးမှူးအဖွဲ့ဝင် ဝင်းစိန် ပြောတာတွေဟာ ဒေါ်အောင်ဆန်းစုကြည်ကို အသက်ဆုံးရှုံးစေနိုင်တဲ့အထိ လှုံ့ဆော်နေတာကို တွေ့နေရတယ်။ ဒါကို စစ်အုပ်စုအာဏာပိုင်တွေက ရေငုံနှုတ်ပိတ်နေခဲ့တယ်။ လူသတ်မှုကို အားပေးရာရောက်တဲ့အတွက် ဥပဒေကြောင်းအရ ပြစ်မှုမြောက်တယ်။ ပြစ်မှုမြောက်တဲ့သူကို အပြစ်ပေး အရေးမယူတာဟာလည်း အလိုတူ အလိုပါဖြစ်လို့ စစ်အုပ်စုအာဏာပိုင်တွေဟာလည်း လူသတ်မှုကို အားပေးရာမှာ ပါဝင်နေသူတွေလို့ အတိအကျပြောလို့ရတယ်။



စစ်အုပ်စုဟာ သူတို့ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ အမိန့်၊ ကြေညာချက်၊ ကတိစကားတွေကို
ဒီကနေ့အထိ လေးစားလိုက်နာ အကောင်အထည် မဖော်ခဲ့တဲအပြင်
အဲန်အယ်လ်ဒီကို အပြုတ်ချေမှုန်း၊ ဒေါ်အောင်ဆန်းစုကြည်ကို ရှင်းလင်းသုတ်သင်၊
ကိုယ့်ပြည်သူကို ကိုယ်ပြန်သတ်တဲ့ အလုပ်တွေကိုပဲ ဆက်တိုက်လုပ်နေတယ်ဆိုတာ
သူတို့ရဲ့ လုပ်ရပ်တွေက သက်သေပြနေတယ်။

ရှေ့လတွင် ဆက်လက်ဖော်ပြပါမည်

# အမေဟာ ဆိုတဲ့ လူထု အမှာ အမေ...



"ဖြစ်လာတဲ့ သတင်းတခုကနေ၊ ပြည်သူကို ဘယ်လို အကျိုးပြုနေတုန်း၊ ပြည်သူကို ဘယ်လိုအန္တရာယ်ဖြစ်နေတုန်း၊ အဲဒီဘက်ကနေပြီးတော့ ကိုယ်က ပြည်သူဘက်က ရပ်တည်နေတဲ့ သတင်းစာဆိုရင် ပြည်သူဘက်က လိုက်ပြီး အမြင်ကို ကြည့်ပြီးတော့ ရေးတာပဲ။ သတင်းစာဟာလေ ဘက်မလိုက်ဘူးဆိုတာ အလကားပြောတာ၊ ညာတာ။ ဘက်လိုက်တာ ကိုယ်ဘယ်သူ့အတွက် ရပ်တည်နေတဲ့ သတင်းစာလဲဆိုတာ အဲဒီ ရပ်တည်နေတဲ့ လူအတွက် ရေးတာပဲ"

**လူထု ဒေါ်အမာ**
**နိုဝင်ဘာ(၃၀) ၂၀၀၃**
**ဘီဘီစီအသံလွှင့်ဌာနနှင့် မေးမြန်းခန်းမှ**

**နိုဝင်ဘာ (၂၉)ရက်**
**တောင်လေးလုံးကျောင်းတိုက်၊**
**အမရပူရ၊ တောင်သမန်အင်းစောင်း။**

တောင်သမန်အင်းစောင်းရှိ ထိုနေရာလေးထဲတွင် လှုပ်လှုပ်ရွရွ စည်စည်ကားကားဖြစ်နေသည်။ အမျိုးသား၊ အမျိုးသမီး၊ လူကြီး၊ လူလတ်၊ လူငယ်အရွယ်စုံဖြစ်သည်။ မြန်မာပြည်တနံတလျား မြေလတ်ဘက်မြစ်ကြီးနားမှ တောင်ဘက် မြိတ်–ထားဝယ်အထိ၊ မိုးခေါင်ရေရှား ရပ်ဝန်းမှသည် မအူပင်၊ မြောင်းမြ မြစ်ဝကျွန်းပေါ်အထိ ....

ထိုသူအားလုံးကို ထိုနေရာသို့ ထိုနေ့ထိုရက် ရောက်ရှိလာစေရန် ဖိတ်ကြားထားတာမရှိ၊ စည်းရုံးလှုံ့ဆော် ကြော်ငြာတာမရှိ၊ သူတို့အားလုံး သူတို့စေတနာ၊ သူတို့မေတ္တာ သူတို့မုဒိတာနဲ့ စုဝေးရောက်ရှိနေကြတာပါ။

သူတို့အားလုံး ဘုန်းကြီးကျောင်းဝိုင်းထဲရောက်တာနဲ့ အသက်အရွယ်အိုမင်းနေပြီဖြစ်သည့် ပါးပါးလျားလျား အမျိုးသမီးကြီးတဦးဆီ အရင်ဆုံးသွားပြီး ဗမာ့ထုံးစံ လက်အုပ်ချီမိုး ရှိခိုးလိုက်ကြတယ်။

ပြီးတော့ သူတို့ပါးစပ်က.... "အမေအသက်ရာကျော်ရှည်ပါစေ"တဲ့။

"အမေ" "အမေ" "အမေ"

တယောက်လာလည်း အမေ၊ နောက်တယောက်လာလည်း အမေ၊ ဘာဖြစ်လို့ ဒါလောက်တောင် တ'မေ'ထဲ 'မေ'နေကြတာလဲ။

'မေ'မယ်လေ။ အဲဒီ ပါးပါးလျားလျား ခန္ဓာကိုယ်နဲ့ အမြဲနွမ်းလျစွာ ပြုံးနေတဲ့ အမျိုးသမီးကြီးက လူထုဒေါ်အမာ ....။

အဲဒီနေ့က လူထုဒေါ်အမာရဲ့ မွေးနေ့ အသက် (၈၅)နှစ်ပြည့်တဲ့ မွေးနေ့လေ။

ဖိတ်စာမဝေ ကြော်ငြာမကမ်းပေမယ့် အဲဒီနေ့ အဲဒီရက်ရောက်လာရင် လူတွေတဖွဲဖွဲ ရောက်လာကြမြဲပဲ။ အမေ၊ အမေနဲ့ တ'မေ'ထဲ 'မေ'ကြမြဲပဲ။

ဘာဖြစ်လို့ ဒီလို တ'မေ'ထဲ 'မေ'နေကြတာပါလဲ ....။

အသက် ၈၀ ကျော်မို့လား ....။

ဩဇာအာဏာ ပြည့်ဝသူမို့လား ....။

တခုမှ မဟုတ်ပါဘူး၊ အသက်ကြီးတိုင်းလည်း ဒီလိုချစ်ကြ၊ ရိုသေကြတာ မဟုတ်ပါဘူး။ ဩဇာအာဏာဆိုတာလည်း ဘယ်တုန်းဘယ်အခါကမှ မရှိရုံမက၊ သူဟာ ဩဇာအာဏာရှိသူတိုင်းရဲ့ အငြိုငြင်ခံရတဲ့ဘက်ကချည်းတသက်လုံး နေခဲ့ရတာပေါ့။

မြန်မာပြည်မှာ နိုင်ငံရေးနယ်ပယ်မဟုတ်ဘဲနဲ့ ဒီလို တမျိုးသားလုံး လူကြီး၊ လူငယ်မရွေး ချစ်ခင်လေးစားခြင်းခံရတာဆိုလို့ သမိုင်းတလျှောက်လုံး နှစ်ယောက်သာ ရှိခဲ့ဖူးပါတယ်။



**ဆောင်းပါးရှင် ဦးအောင်ကို**

ပထမတဦးက ငြိမ်းချမ်းရေးဖခင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း။ နောက်တဦးက အခု အားလုံးက အမေ၊ အမေနဲ့ ခေါ်နေကြတဲ့ လူထုဒေါ်အမာ....။

ဒေါ်ဒေါ်လူထုဒေါ်အမာကို ဘာဖြစ်လို့ ဒီလို လူတွေချစ်ကြတာလဲဆိုတာ လေ့လာကြည့်ကြရအောင် ....။

ဒေါ်ဒေါ်လူထုအဒေါ်အမာရဲ့ ဘဝဟာ မြန်မာပြည်သူတွေရဲ့ဘဝနဲ့ အမြဲတမ်း တထပ်တည်းကျ တသားတည်းနေတဲ့ ဘဝလေ....။

ကောလိပ်ကျောင်းသူဘဝမှာ ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့အတူ သပိတ်တပ်ဦးမှာ ပါခဲ့တဲ့ ကျောင်းသူ။

တချို့ကျောင်းသားခေါင်းဆောင်လုပ်သူတွေ သပိတ်ပြန်လှန်ပြီး ကျောင်းပြန်တက်ပေမယ့် ရာသက်ပန် သပိတ်မှောက်ခဲ့ပြီး ဘီအေဘွဲ့ကို မယူခဲ့တဲ့သူ။

အဲဒါ ကောလိပ်ကျောင်းသူဘဝ၊ ပြီးတော့ သတင်းစာဆရာမ ဘဝ၊ ဘယ်လို သတင်းစာမျိုးကို လုပ်တဲ့ သတင်းဆရာမလဲ သိကြရအောင် လူထုသတင်းစာရဲ့ သမိုင်းကြောင်းလေး ပြန်ပြောပါရစေ။

လူထုသတင်းစာကို စထုတ်တဲ့ ( ၁၉–၄–၄၆)နေ့ကနေ ရပ်ဆိုင်းသွားခဲ့ရတဲ့( ၇–၇–၆၇)နေ့အထိ တရက်မကျန် ပြန်လှန်ကြည့်ပြီးတော့ ဆိုခဲ့တဲ့ ပေတံနဲ့ တိုင်းကြည့်မယ်ဆိုရင် ....

**(၁၉၄၆–၄၇–၄၈)ကာလများ။** ။ ရန်ကုန်မြို့ကြီး ဖက်ဆစ်ဂျပန်လက်အောက်ရှိနေဆဲကာလ မန္တလေးကို မဟာမိတ်တပ်တွေ သိမ်းပြီးပြီးချင်း ဦးလေးလှက ဆရာဦးကျော်ရင် (ပါမောက္ခချုပ်ဟောင်း–ကွယ်လွန်)နဲ့ လက်တွဲပြီး မြန်မာနိုင်ငံရဲ့ ပထမဦး ဖတပလ (ဖဆပလ)ဆိုင်းဘုတ်ကို တင်ခဲ့ပါတယ်။ ဦးလေးလှဟာ နောင်မှာ သူ့ကို ထောင်သွင်းအကျဉ်းချထားခဲ့တဲ့ ဖဆပလ အဖွဲ့ကြီးကို စတင်တည်ထောင်ခဲ့သူလို့ ဆိုနိုင်ပါတယ်။ လူထုသတင်းစာဟာ ဖဆပလနဲ့ အတူ လွတ်လပ်ရေးတိုက်ပွဲဝင် "ပြည်ကြီးလက်ရုံး"အဖြစ် ပါဝင်ခဲ့။

**၁၉၄၉ ခု၊ ဧပြီလ(၂၄)ရက်။** ။ ဖဆပလအစိုးရက သတင်းစာတိုက်ကို ဒိုင်းနမိုင်းဖြင့် ဖောက်ခွဲခဲ့။

**၁၉၄၉ ခု နိုဝင်ဘာ(၁)ရက်။** ။ သတင်းစာ ပြန်လည်ထုတ်ခဲ့။

**၁၉၅၃ မှ ၁၉၅၆ ခုအထိ။** ။ လူထုဦးလေးလှအား ဖဆပလ အစိုးရက ပုဒ်မ (၅)ဖြင့် ရန်ကုန်ထောင်ကြီးမှာ ချုပ်နှောင်ထားခဲ့။

**၁၉၅၆ ခု၊ မေလ(၁၀)ရက်မှ အောက်တိုဘာ (၁)ရက်အထိ။** ။ လူထုသတင်းစာ အယ်ဒီတာချုပ် ဆရာကြီး ရွှေဥဒေါင်းအား ပုဒ်မ(၅)ဖြင့် ဖမ်းဆီးထားခဲ့။

**၁၂–၃–၁၉၅၉။** ။ သတင်းစာ ချိပ်ပိတ်ခဲ့ရ။

**၁၀၊ ၅၊ ၁၉၆၀။** ။ သတင်းစာ ပြန်ထွက်။

**၇၊ ၇၊ ၆၇။** ။ သတင်းစာ ရပ်စဲခံရ။

စာရေးသူအပါအဝင် ရန်ကုန်တိုက်ခွဲနှင့် မန္တလေးမှ တိုက်သား(၅)ဦး ထိန်းသိမ်းခံခဲ့ရ။

အဲဒါတွေက "ပြည်ကြီးဝန်"ကို ထမ်းပိုးရင်း လူထုသတင်းစာ ကြုံခဲ့ဆုံခဲ့ရတဲ့ သမိုင်းထဲက အဖြစ်သနစ်တွေပါ။ 'လူထု'ဟာ 'သစ္စာတရား'ကို နင်းခြေတဲ့ အဓမ္မဝါဒ မှန်သမျှကို တသမတ်တည်း ဆန့်ကျင်တိုက်ခိုက်ပြီး အဖိခံ၊ အနှိပ်ခံ၊ သွေးအစုပ်ခံ၊ အခြယ်လှယ်ခံတွေဘက်က အမြဲရပ်တည်တဲ့ 'ပြည်ကြီးနှင်တံ'တာဝန်ကိုလည်း ထမ်းရွက်ခဲ့ပါတယ်။

ဂျပန်ဖက်ဆစ်တို့ရဲ့ အဓမ္မဝါဒကို ပြည်သူတရပ်လုံးနှင့်အတူ တွန်းလှန်တိုက်ခိုက်ခဲ့ပေမယ့် အမေရိကန်က သူရဲ့အသစ်စက်စက် အနုမြူဗုံးလက်နက်ဆန်းကို အာရှတိုက်သား ဂျပန်လူမျိုးတွေအပေါ် စမ်းသပ်ဖောက်ခွဲခဲ့တဲ့ ရာဇဝတ်မှုကြီးကို 'လူထု'က ဆန့်ကျင်ရှုတ်ချ ခဲ့ပါတယ်။

ကိုရီးယားကျွန်းဆွယ်စစ်ပွဲကြီး ဖြစ်ပွားလာတဲ့အခါလည်း အမေရိကန်နယ်ချဲ့ လက်သစ်တွေက ကုလသမဂ္ဂအဖွဲ့ကို ခုတုံးလုပ်ပြီး ဝင်ရောက်စွက်ဖက်ခြယ်လှယ်ခဲ့တာကို 'လူထု'က ဆန့်ကျင်ခဲ့ပါတယ်။

အမေရိကန်သမ္မတ ကနေဒီ လုပ်ကြံသတ်ဖြတ်ခံရတော့ နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်မှုမျိုးကို 'လူထု'က ရှုတ်ချခဲ့ပါတယ်။

အမေရိကန်က ဗီယက်နမ်၊ လာအိုနဲ့ ကမ္ဘောဒီးယား (၃)နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့တဲ့ ကမ္ဘာ့အကြီးမားဆုံး မကြေညာသောစစ်ပွဲကြီးကိုလည်း 'လူထု'က ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့ပါတယ်။

အမေရိကန်နယ်ချဲ့ရဲ့ လက်ပါးစေအဖြစ် နိုင်ငံကို နှစ်ခြမ်းခွဲပစ်ခဲ့တဲ့ ငိုဒင်နု ညီနောင်ရဲ့လုပ်ရပ်တွေကို ဆန့်ကျင်ခဲ့ပေမယ့်၊ သူတို့ညီနောင်ကို စီအိုင်အေက အာဏာသိမ်းပွဲ ပုံသဏ္ဍာန် ဖန်တီးပြီး သတ်ဖြတ်ပစ်ခဲ့တဲ့ အမေရိကန်နယ်ချဲ့သမားကို 'လူထု'က အပြင်းအထန် ရှုတ်ချကန့်ကွက်ခဲ့ပါတယ်။

နယ်ချဲ့အရင်းရှင်စနစ်ကြီးကို ဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့ ဆိုဗီယက်ပြည်ထောင်စုကြီးဘက်က တလျှောက်လုံး ထောက်ခံအားပေးလာခဲ့ပေမယ့်၊ အဲဒီ ဆိုဗီယက်ကိုယ်တိုင်က ဆန့်ကျင်ခဲ့ပါတယ်။

နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲဝင် အိန္ဒိယခေါင်းဆောင်ကြီး နေရူးကို ထောက်ခံခဲ့ပေမယ့် အိမ်နီးချင်း နိုင်ငံလေးတွေဖြစ်ကြတဲ့ နီပေါ၊ ဆစ်ကင်း၊ ဘူတန်နဲ့ သီဟိုဠ်နိုင်ငံတို့အပေါ် ဗိုလ်ကျလွှမ်းမိုးချင်တဲ့ နေရူးကို 'လူထု'က ဆန့်ကျင်ဝေဖန်ခဲ့ပါတယ်။

အာရှလွှမ်းမိုးရေး ရည်ရွယ်ချက်နဲ့ လက်သစ်ကိုလိုနီနယ်ချဲ့သမားက ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ဆီးတိုး၊ စင်တိုး စတဲ့အဖွဲ့တွေမှာ တက်ကြွစွာ ပါဝင်ခဲ့ပြီး ပြည်တွင်းမှာလည်း အဓမ္မဝါဒကို ကျင့်သုံးခဲ့တဲ့ မာရှယ်အယွတ်ခန်ရဲ့ ပါကစ္စတန်နိုင်ငံကို ရှုတ်ချခဲ့ပေမယ့် ကက်ရှမီးယားပြည်နယ်ကို အိန္ဒိယက သိမ်းပိုက်ထားတဲ့ကိစ္စမှာတော့ ပါကစ္စတန်နိုင်ငံဘက်က 'လူထု'က ထောက်ခံရပ်တည်ခဲ့ပါတယ်။

ကြားနေနိုင်ငံတခုဖြစ်တဲ့ လောနိုင်ငံရဲ့ ဝန်ကြီးချုပ် မင်းသားကြီးသုဝဏ္ဏဖူးမားကို စီအိုင်အေရဲ့ လက်သပ်မွေး စစ်ဗိုလ်တစုက ဖြုတ်ချအာဏာသိမ်းခဲ့စဉ်က မင်းသားကြီးဘက်က ထောက်ခံအားပေးခဲ့ပေမယ့် အာဏာပြန်ရတဲ့အခါကျတော့ မင်းသားကြီးက သူရဲ့ညီတော်မင်းသားကြီး သုဖာနုဝင်္ဂရဲ့ မသက်လောအဖွဲ့ကို ပြန်တွင်းစစ်ခင်းပြီး တိုက်ခိုက်ခဲ့တာကိုတော့ 'လူထု'က ကန့်ကွက်ရှုတ်ချခဲ့ပါတယ်။

အဲဒီအချက်တွေဟာ စာမျက်နှာတွေက ပြောပြနေတဲ့ 'လူထုသတင်းစာ'ရဲ့ သမိုင်းပါ။

**"နေသောင်းထောင်**
**အရောင်မညှိုး သလိုပ၊**
**ပြေကောင်းအောင်**
**ဆောင်မကိုးရယ်လို့၊**
**ရွှေဒေါင်းတောင်**
**ကလောင်တမျိုးရယ်နှင့်၊**
**တောင်ရိုးမှာ ဆရာကြဲမပေါ့"**

လို့ ကြွေးကြော်ခဲ့တဲ့ ကျေးဇူးရှင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ရှေ့ဆောင် လမ်းညွှန်မှုအတိုင်း မဖောက်မပြန် မသွေမဖည်၊ ချွေးနဲ့ သွေးနဲ့ ရေးခဲ့ကြရတဲ့ သမိုင်းပါ။

နယ်ချဲ့လမ်းစဉ်ကို လိုက်ပြီး "ဆိုရှယ်နယ်ချဲ့"ဘဝကို ကူးပြောင်းသွားတော့လည်း 'လူထု'က ပြတ်ပြတ်သားသား ဆန့်ကျင်ဝေဖန်ခဲ့ပါတယ်။

ဘာတစ္စတာ အာဏာရှင်ရဲ့ လက်ဝေခံအစိုးရကို တော်လှန်ပုန်ကန်ပြီး ကျူးဘားနိုင်ငံသစ်ကို ထူထောင်ခဲ့တဲ့ ကစ်စ်ထရိုကို ချီးကျူးထောက်ခံခဲ့ပေမယ့် ကိုယ့်နိုင်ငံကို ဆိုဗီယက်ရဲ့ လက်ဝေခံ ရုပ်သေးရုပ်အဖြစ် အရောက်ခံခဲ့တဲ့ ကက်စ်ထရိုကိုတော့ 'လူထု' က ဝေဖန် ကန့်ကွက်ခဲ့ပါတယ်။

နယ်ချဲ့အမျိုးမျိုးရဲ့ လက်အောက်က လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြတဲ့ အာဖရိကနဲ့ လက်တင်အမေရိကတိုက်က နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဝင်တွေကို ထောက်ခံခဲ့ပေမယ့် လွတ်လပ်ရေး ရပြီးနောက် ဖိနှိပ်ချုပ်ချယ်ရေးဝါဒကို သုံးလာကြသူတွေကိုတော့ 'လူထု'က ဆန့်ကျင် ဝေဖန်ခဲ့ပါတယ်။

ဗြိတိသျှနယ်ချဲ့သမားတွေရဲ့ လက်အောက်က လွတ်မြောက်ရေးအတွက် ရဲရဲတောက် တိုက်ပွဲဝင်ခဲ့တဲ့ အစ္စရေးနိုင်ငံသားတွေကို ထောက်ခံခဲ့ပေမယ့် အဲဒီ အစ္စရေးနိုင်ငံသားတွေကိုယ်တိုင်က ပါလက်စတိုင်းလူမျိုးတွေရဲ့နယ်မြေကို အဓမ္မသိမ်းယူ အနိုင်ကျင့်ခဲ့ပြီး ပါလက်စတိုင်းလူမျိုးတွေကို နိုင်ငံမဲ့လူမျိုးတွေဖြစ်အောင် လုပ်ခဲ့တာကို 'လူထု' က ဆန့်ကျင်ခဲ့ပါတယ်။

အဲဒီလိုသမိုင်းကောင်းတဲ့ 'လူထုသတင်းစာ'လို သတင်းစာမျိုးကို ဦးစီးထုတ်ဝေခဲ့တဲ့ သတင်းသမားပါ။

အဲဒီသတင်းစာသမားဘဝမှာ ဘယ်လို မုန်တိုင်းတွေကို ကြုံ့ကြုံ့ခိုင်ခိုင် ရင်ဆိုင်ခဲ့ရသလဲဆိုတာ တနိုင်ငံလုံးက သိကြတယ်လေ။

အဲဒါကြောင့် ခုလို အမေ–အမေ–အမေ ဖြစ်နေတာပေါ့။ ချစ်ခင်မှု ကြည်ညိုလေးစားမှုဆိုတာ လုပ်ယူလို့ရတာမျိုးမှ မဟုတ်တာ။

လူတွေရဲ့ ရင်ထဲက အလိုလို ဖြစ်လာကြတာလေ။

အဲဒါကြောင့်
လူတိုင်းရဲ့အမေ ....
မြန်မာပြည်သူအားလုံးရဲ့ အမေ ....
အသက်ရာကျော်ရှည်ပါစေ။

## အောင်ကို

**[၂၀၀၀ ခုနှစ်၊ ရုပ်ရှင်တေးကဗျာ၌ အဖြုတ်ခံခဲ့ရသည့်စာမူဖြစ်သည်]**

**ဆောင်းပါးရှင်ဦးအောင်ကိုသည် Beyond Rangoon ရုပ်ရှင်ဇာတ်ကားတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့သူဖြစ်သည်။**

# သတင်းတိုထွာ

## ဦးခင်ဇော်ဝင်းကို ပြန်လွှတ်ရန် ယူနက်စကိုက တောင်းဆို

အကျဉ်းထောင်အတွင်း ဆေးဝါးကုသမှု လုံလောက်စွာ မရရှိသဖြင့် ကျန်းမာရေး ဆိုးရွားနေသူ အသက်(၅၂)နှစ်အရွယ်ရှိ သွားဆရာဝန်၊ သုတေသီ ဦးခင်ဇော်ဝင်းအား လူသားချင်းစာနာသည့်အနေဖြင့် ပြန်လည်လွှတ်ပေးရန် ယူနက်စကို (ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့–UNESCO)က ယခုလ(၂၃)ရက်နေ့က နအဖထံ တောင်းဆိုခဲ့ကြောင်း အေအက်ဖ်ပီသတင်းအရ သိရသည်။ ❖

## မူးယစ်နှိမ်နင်းရေး မြန်မာပျက်ကွက်

စက်တင်ဘာ(၁၅)ရက်နေ့က ထုတ်ပြန်ခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ မူးယစ်ဆေးဝါး နှိမ်နင်းရေး ပျက်ကွက်သည့် နိုင်ငံများစာရင်းတွင် မြန်မာစစ်အုပ်စုပါဝင်ကြောင်း ဖော်ပြပါရှိသည်။ သမတဂျော့ဘုရှ် လက်မှတ်ဖြင့် ထုတ်ပြန်သည့် မူးယစ်ဆေးဝါး နှိမ်နင်းရန် ပျက်ကွက်သည့် နိုင်ငံများစာရင်းတွင် နိုင်ငံပေါင်း (၂၃)နိုင်ငံ ပါဝင်သည်။❖

## နအဖပိုလ်ချုပ်များ ပိုက်ဂုဏ်ထိန်းနေဆဲ

ယခုလ (၁၉)ရက်နေ့က ဗြိတိန်နိုင်ငံခြားရေးရုံး၏လူ့အခွင့်အရေးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာထုတ်ပြန်ခဲ့ရာ မြန်မာစစ်အုပ်စုသည် မြန်မာပြည်သူများအပေါ် အီရတ်၊ ဇင်ဘာဘွေနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများနည်းတူ လူ့အခွင့်အရေးများကို ဆက်လက်ချိုးဖောက်နေဆဲဖြစ်ကြောင်း ၎င်းတို့၏အစဉ်အလာအတိုင်း ဖော်ပြခြင်းခံခဲ့ရသည်။❖

## စစ်အာဏာရှင်ကို အာဆီယံခေါင်းဆောင်နေရာ မပေးနိုင်

စစ်တမ်းကောက်ယူမှု (၃)ကြိမ် ပြုလုပ်ခဲ့သည့်အနက် လူဦးရေအများဆုံး ပါဝင်သည့် ယခုအကြိမ်တွင် လူ(၈၈၈၉)ဦးတို့အနက် (၈၀၁၂)ဦး (၉၀)ရာခိုင်နှုန်းကျော်က ၂၀၀၆ ခုနှစ်တွင် မြန်မာစစ်အာဏာရှင်များက အာဆီယံခေါင်းဆောင်အဖြစ် အလှည့်ကျ တာဝန်ယူရမည့်အရေးကို ခွင့်မပြုသင့်ကြောင်း စက်တင်ဘာ(၇)ရက်နေ့ Yahoo Asia အင်တာနက် လူထုစစ်တမ်းကောက်ယူမှုတွင် ဆန္ဒပေးခဲ့ကြသည်။

လူသုံးအများဆုံးဖြစ်သည့် အဆိုပါ အင်တာနက်စာမျက်နှာတွင် ယခင် ဆန္ဒကောက်ယူမှုတခု၌ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်မပေးပါက မြန်မာနိုင်ငံကို အာဆီယံမှ ထုတ်ပစ်သင့်ကြောင်း (၇၂)ရာခိုင်နှုန်းကျော်တို့က ဆန္ဒပေးခဲ့ကြသည်။ ❖

## အတုအယောင်ညီလာခံအတွက် ထောက်ခံပွဲများ နအဖပြုလုပ်

ပြီးခဲ့သည့်လ(၃၀)ရက်နေ့က ဗိုလ်ချုပ်ခင်ညွန့် ကြေညာသွားခဲ့သည့် အချက်(၇)ချက်ပါ လမ်းပြမြေပုံကို ထောက်ခံသည့် အတုအယောင် လူထုဆန္ဒထုတ်ဖော်ပွဲများကို ကြံ့ဖွံ့အဖွဲ့က ဦးဆောင်၍ ပြုလုပ်လျက်ရှိသည်။ ယခုလ(၂၁)ရက်နေ့နှင့် (၂၃)ရက်နေ့များက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းနှင့် ကရင်ပြည်နယ် ဘားအံမြို့ အားကစားကွင်းတွင် ပြုလုပ်ခဲ့ကြခြင်းဖြစ်ပြီး အခြားပြည်နယ်နှင့်တိုင်း မြို့ကြီးများတွင်လည်း အလားတူ အတုအယောင် လူထုထောက်ခံပွဲများ ဆက်လက်ပြုလုပ်သွားရန် အစီအစဉ်များ ရှိကြောင်း သိရသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုထားသော အမှုများအတွက် ရုံးချိန်းများသာ ပြုလုပ်နေ



အမှုဆိုင်နေရသည့်
ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်

**စက်တင်ဘာ၊ (၁၆)ရက်။**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စိတ်ဓာတ်ရေးရာ စစ်ဆင်မှုအရလည်းကောင်း၊ နိုင်ငံရေးအရ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍လည်းကောင်း လုပ်ကြံဖန်တီးထားသည့် အမှုများ ရှည်လျားဆဲရှိရာ အကိုဖြစ်သူ ဦးအောင်ဆန်းဦးနှင့် အမှုဆိုင်နေရသည့် အင်းလျားလမ်း နေအိမ်အမှုကို စက်တင်ဘာ (၁၂)ရက်နေ့က ကြားနာစစ်ဆေးခဲ့ကြောင်း သိရသည်။

လက်ရှိအခြေအနေများအရ အမှုနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် ဥပဒေကြောင်းအရ တွေ့ဆုံဆွေးနွေးမှုများ မပြုလုပ်နိုင်သောကြောင့် အမှုကို ယာယီရပ်ဆိုင်းပေးရန် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများက တရားရုံးတော်သို့ တင်ပြတောင်းဆိုခဲ့ကြသည်။ ထိုတောင်းဆိုမှုအား လက်ခံခြင်း ရှိမရှိ ဆုံးဖြတ်ရန် ရန်ကုန်တရားရုံးက လာမည့် သီတင်းနှစ်ပတ်သို့ ထပ်မံချိန်းဆိုလိုက်သည်။

အလားတူ ဖေဖော်ဝါရီလက မောင်ဝမ်းကွဲတော်စပ်သူ ဦးစိုးအောင်နှင့် ဖြစ်ပွားခဲ့သည့် အမှုကို ဆက်လက်ရင်ဆိုင်ရလျက်ရှိရာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက စက်တင်ဘာ(၁၇)ရက်နေ့တွင် ဆင့်ခေါ်ထားကြောင်း သိရသည်။ ရုံးချိန်းများ မကြာခဏ ပေးနေသော်လည်း ကာယကံရှင် ဒေါ်အောင်ဆန်းစုကြည်ထံသို့ တရားဝင် ဆင့်ခေါ်စာ မပို့ကြောင်း၊ မိမိတို့အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရသည့်အတွက် ဘာမှဆက်လုပ်ခွင့် မရသေးကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ဥပဒေအကျိုးဆောင် ဦးဉာဏ်ဝင်း၏ အဆိုအရ သိရသည်။

အဆိုပါအမှုမှာ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ဝင်းတွင် နေထိုင်ခွင့်ပြုထားသူ မောင်ဝမ်းကွဲ ဦးစိုးအောင်က ၎င်းနေထိုင်ရာ အဆောက်အဦကို ဒေါ်အောင်ဆန်းစုကြည်အား အသိမပေးဘဲ ပြင်ဆင်ရာမှ နှစ်ဦး အချင်းများကြပြီး ဦးစိုးအောင်က ဒေါ်အောင်ဆန်းစုကြည်ကို ကိုယ်ထိလက်ရောက် စော်ကားခဲ့သောကြောင့် အပြန်အလှန် အမှုစွဲဆိုခဲ့ခြင်းဖြစ်သည်။ ❖

# မိုးကုတ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်မေနှင်းကြည် အင်းစိန်ထောင်တွင် ကျန်းမာရေးဆိုးရွားနေ

**စက်တင်ဘာ၊ (၁၃)ရက်။**

အင်းစိန်ထောင်တွင် ဖမ်းဆီးခံထားရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မေနှင်းကြည်(ခေါ်)ဒေါ်နီနီ၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ် အခြေအနေတွင် ရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် ဇူလိုင်(၁၇)ရက်က တတိယအကြိမ်မြောက် အကြောင်းမဲ့ ဖမ်းဆီးခံခဲ့ရသည့် ဒေါ်မေနှင်းကြည်သည် အင်းစိန်ထောင်ထဲတွင် အစားအသောက်အနေအထိုင် ဆင်းရဲလွန်းခြင်းကြောင့် ထထိုင်၍ မရလောက်အောင် ဒူးနာရောဂါ ပြင်းထန်စွာ ခံစားနေရသည်ဟု ၎င်း၏သမီးဖြစ်သူက ဆိုသည်။

၎င်းက ဒေါ်မေနှင်းကြည်သည် အဖမ်းမခံရခင်ကတည်းက ဆီးချိုနှင့် သွေးတိုးရောဂါများ ပြင်းထန်စွာ ခံစားနေရသူ ဖြစ်ကြောင်း ပြောပြခဲ့ပြီး မိခင်ဖြစ်သူကို မည်သည့်အကြောင်းနှင့် ဖမ်းဆီးခဲ့သည်ကို အာဏာပိုင်များက ယနေ့အချိန်အထိ ပြောဆိုခြင်းမပြုသည့်အပြင် မိသားစုနှင့်ပါ တွေ့ခွင့်မပေးသည့်အတွက် ခံပြင်းဒေါသဖြစ်ရကြောင်း အသံလွှင့်ဌာနတခုနှင့် မေးမြန်းခန်းတွင် ပြောဆိုခဲ့သည်။

ပြည်တွင်း နိုင်ငံရေးလောကအဆိုအရ ဒေါ်မေနှင်းကြည်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် အလွန်အမင်းနီးစပ်သူဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံး လွှတ်ပေးရန် အဖွဲ့ချုပ် ဗဟိုအမျိုးသမီးအဖွဲ့ကို ဦးဆောင်၍ တောင်းဆိုခဲ့သည့်အတွက် အာဏာပိုင်များ၏ ပစ်မှတ်ထားခြင်းကို ခံရပြီး အမျိုးသမီးလှုပ်ရှားမှုများ ကြီးထွားလာမည်ကိုစိုးရိမ်၍ ဖမ်းဆီးခြင်းဖြစ်နိုင်ကြောင်း သိရသည်။ ❖

# မြစ်ကြီးနားမြို့တွင် ရဲနှင့် ကျောင်းသားများ ပဋိပက္ခဖြစ်

**စက်တင်ဘာ၊ (၈)ရက်။**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် တက္ကသိုလ်ကျောင်းသားများ၏ ဆိုင်ကယ်များကို ယာဉ်ထိန်းရဲများက သိမ်းဆည်းခဲ့သည့်အတွက် ကျောင်းသားများနှင့် ရဲများ ပဋိပက္ခတခု ဖြစ်ပွားခဲ့ပြီး ကျောင်းသား (၃)ဦးနှင့် ရဲ (၂)ဦး ဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိခဲ့ကြောင်း သိရှိရသည်။

ကျောင်းသား (၁၀၀)ကျော်တို့က မြို့နယ် ရဲစခန်းရှေ့ သွားရောက်ဆန္ဒပြကြပြီး ရဲစခန်းကို ခဲဖြင့် ပစ်ပေါက်ခဲ့၍ ထို့နေညတညလုံး အော်ဟစ် ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့တွင်လည်း ယာဉ်ထိန်းရဲနှင့် တက္ကသိုလ်ကျောင်းသား တဦးတို့ အလားတူ ပြဿနာမျိုးဖြစ်ပွားရာက စတင်၍ ကျောင်းသား(၁၀၀)ကျော် ဆန္ဒပြသည့်ဖြစ်ရပ်မျိုး ယခုနှစ်စောစောပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ ❖

# ဒီပဲယင်းလုပ်ကြံမှုတွင်ပါဝင်သည့် ကျည်ရွာသူကြီးအား အခွင့်အာဏာပိုမိုပေးအပ်

မေ(၃၀) ဒီပဲယင်းအကြမ်းဖက် တိုက်ခိုက်မှုကြီးအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ဝင်များ၊ ကြိုဆိုထောက်ခံသူ ပြည်သူအများအပြားအား သေကြေ ထိခိုက်ဒဏ်ရာရရှိစေရန် ရက်ရက်စက်စက် လုပ်ကြံခဲ့သော စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ကျည်ရွာ ရယကဥက္ကဋ္ဌ ဦးသိန်းအောင်ကို ဂုဏ်ပြုသည့်အနေဖြင့် နအဖအာဏာပိုင်များက မော်တော်ဆိုင်ကယ်တစီးနှင့် လက်ကိုင်ဖုန်းတလုံး ပေးခဲ့ကြောင်း သိရသည်။

ထိုအရေးအခင်းအတွင်း အဖွဲ့ချုပ်ကို လှိုက်လှဲစွာ ကြိုဆိုထောက်ခံခဲ့သည့် ကျည်ရွာ ဘုန်းတော်ကြီး ဦးဝိမလနှင့် ကျည်ရွာသား ဦးကျိုးညိုအပါအဝင် အခြားရွာသား(၂)ဦးတို့ကို အာဏာပိုင်များက ကြံ့ဖွံ့ကားတစီး မီးရှို့မှုဖြင့် ထောင်ဒဏ် (၃ နှစ်နှင့် ၃ လ) ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဦးသိန်းအောင် ရရှိသော ဆိုင်ကယ်မှာ ဒီပဲယင်းအရေးအခင်းအတွင်း နအဖမှ သိမ်းယူထားသည့် အဖွဲ့ချုပ် ထောက်ခံသူများ၏ ဆိုင်ကယ်များထဲမှ တစီးဖြစ်သည်ဟု သိရသည်။ ယခုအခါ ဦးသိန်းအောင်က ကျည်ရွာအတွင်း မြန်မာ့အသံမှလွဲ၍ မည်သည့် အသံလွှင့်အစီအစဉ်ကိုမှ နားမထောင်ရန် အမိန့်ထုတ်ထားပြီး မလိုက်နာပါက ဖမ်းဆီးထောင်ချပစ်မည်ဟု ခြိမ်းခြောက်နေကြောင်း သိရသည်။ ❖

# မြေမြှုပ်မိုင်းဒဏ်ကြောင့် ၂၀၀၂ ခုနှစ်အတွင်း လူ(၁၁၄)ဦး သေဆုံးခဲ့ရ

**စက်တင်ဘာ၊ (၁၀)ရက်။**

မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံ (၆)နိုင်ငံတို့၌ မြေမြှုပ်မိုင်းများ ဆက်လက် အသုံးပြုနေကြောင်း နိုင်ငံတကာ မြေမြှုပ်မိုင်း ဆန့်ကျင်ရေးအဖွဲ့ကြီး၏ မှတ်တမ်းတွင် ဖော်ပြပါရှိပြီး မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းဒဏ်ကြောင့် လွန်ခဲ့သည့်နှစ်က လူ(၁၁၄)ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ယမန်နေ့က ထုတ်ပြန်ခဲ့သည့် ထိုအစီရင်ခံစာတွင် မြန်မာ၊ အိန္ဒိယ၊ အီရန်၊ နီပေါ၊ ပါကစ္စတန်နှင့် ရုရှားတို့သည် လွန်ခဲ့သည့် (၁၆)လအထိ မြေမြှုပ်မိုင်းများ ဆက်လက်အသုံးပြုနေသေးသည်ဟု ဖော်ပြထားပြီး လွန်ခဲ့သည့်နှစ်က မိုင်းအသုံးပြုနေဆဲ နိုင်ငံ (၉)နိုင်ငံရှိနေခဲ့ရာမှ ယခုနှစ်တွင် (၃)နိုင်ငံ လျော့နည်းသွားသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းဒဏ်ကြောင့် ၂၀၀၁ ခုနှစ်အတွင်း လူပေါင်း(၅၇)ဦး၊ ယမန်နှစ်က လူ(၁၁၄)ဦး သေဆုံးခဲ့သည့်အတွက် စိုးရိမ်ဖွယ်အခြေအနေရှိနေကြောင်း၊ နအဖ စစ်တပ်သည် အရပ်သားများအား သက်ရှိမိုင်းရှင်းကိရိယာများသဖွယ် အသုံးချခဲ့သည့်အတွက် ထိခိုက်မှု များပြားနေခြင်းဖြစ်ကြောင်း ထိုအစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါ မြေမြှုပ်မိုင်းဆန့်ကျင်ရေးအဖွဲ့သည် ၁၉၉၇ ခုနှစ်၏ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်လ်ဆုကို ကမ္ဘာမြေပေါ်တွင် မြေမြှုပ်လုံးဝကင်းစင်သွားရေး တက်ကြွစွာ ဆော်ဩလှုပ်ရှားနေသည့် အမေရိကန်သူ မစ္စဂျိုဒီ ဝီလျံနှင့်အတူ ပူးတွဲရရှိခဲ့သည်။



မြေမြှုပ်မိုင်း နင်းမိသူတဦး

မြေမြှုပ်မိုင်း တားဆီးရေးစာချုပ်ကို ၁၉၉၇ ခုနှစ်က ကနေဒါနိုင်ငံ အော်တဝါမြို့တွင် နိုင်ငံပေါင်း(၁၃၀)တို့က ပါဝင်ချုပ်ဆိုခဲ့သော်လည်း မြန်မာနိုင်ငံက ပါဝင်လက်မှတ်ထိုးထားခြင်း မရှိပေ။ သုတေသနစစ်တမ်းများအရ မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်း (၉)ခုတွင် မြေမြှုပ်မိုင်းအများအပြားရှိနေပြီး နေ့စဉ် မိုင်းနင်းမိ၍ သေဆုံး(သို့) ဒဏ်ရာရသူများ ရှိနေကြောင်း သိရသည်။ ❖

## အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့မှ …

ခဲ့ဟု သိရသည်။

အာဆီယံအဖွဲ့သည် ပြီးခဲ့သည့် ဇွန်လက ကမ္ဘောဒီးယားနိုင်ငံတွင် ပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးပြန်လွှတ်ပေးရန် နအဖကို တရားဝင်တောင်းဆိုခဲ့ကြသည်။ မေ(၃၀)ဒီပဲယင်းအဖြစ်အပျက် စုံစမ်းရေးအတွက်လည်း မြန်မာနိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့တဖွဲ့ စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြပြီး အာဆီယံထိပ်သီး ညီလာခံ မစမီ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူထားသည့် အင်ဒိုနီးရှားကိုယ်စားလှယ်များက လာရောက်ခဲ့ခြင်းဖြစ်သည်။

အလီအလာတပ်စ်က ၎င်းနှင့်အတူ ပါလာသည့် အင်ဒိုနီးရှားသမတ မဂ္ဂါဝါတီ၏ ပေးစာတစောင်ကို နအဖ ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် ပေးအပ်ခဲ့ရာ အဆိုပါစာတွင် နအဖ အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ပြန်လွှတ်ပေးရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး လမ်းကြောင်းသို့ ဦးတည်ရေးတို့အတွက် အကြံပြုချက်များ ပါဝင်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပြန်မလွှတ်ပေးပါက အာဆီယံထိပ်သီးညီလာခံတွင် နအဖအနေဖြင့် အကျပ်အတည်းများနှင့် ကြုံတွေ့ရဖွယ်ရှိကြောင်း သတိပေးထားသည်ဟု သိရသည်။

အဆိုပါ အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့သည် နအဖ ဗိုလ်ချုပ်ကြီးများနှင့် တွေ့ဆုံပြီးဖြစ်သော်လည်း ခရီးစဉ် ပြီးဆုံးချိန်ထိ ထူးထူးခြားခြားပြောင်းလဲမည့် အရိပ်လက္ခဏာ တစုံတရာ ဖြစ်ပေါ်လာခြင်းမရှိခဲ့ကြောင်း သိရသည်။ ❖

## စီးပွားရေးကျပ်တည်းမှုကြောင့် ကလေးငယ်များ ရောင်းစားခြင်း ခံနေရ



**စက်တင်ဘာ၊ (၁၆)ရက်။**

မြန်မာနိုင်ငံတွင် စီးပွားရေးကျပ်တည်းမှုများ ဆိုးရွားစွာကြုံတွေ့နေရသည့်အတွက် မိဘများကိုယ်တိုင် မိမိတို့၏ ကလေးငယ်များကို ထိုင်းနိုင်ငံဘက်သို့ ရောင်းစားနေကြရသည်။ ထိုကလေးငယ်များအနက် အချို့သည် ပြည့်တန်ဆာရုံသို့ ရောက်ရှိသွားကြကြောင်း မျက်မြင်ကြုံခဲ့ရသူ တဦး၏ အဆိုအရ သိရသည်။

ထိုင်းနိုင်ငံ ရနောင်းသို့ ရောက်ရှိနေသည့် မြန်မာတဦး၏အဆိုအရ ယခုလ (၁၃)ရက်နေ့ကမှ ပြည့်တန်ဆာရုံသို့ ရောင်းစားခြင်းခံခဲ့ရသူ အသက်(၁၄)နှစ်အရွယ်ရှိ မမိငယ်ဆိုသူ မြန်မာအမျိုးသမီးငယ်လေးတဦးသည် မိခင် ဖြစ်သူ (ဒေါ်ညို၊ ကော့သောင်းမြို့) ကိုယ်တိုင် ထိုင်းအလုပ်ရုံတခုသို့ ရောင်းစားခဲ့ကြောင်း၊ မမိငယ်သည် ထိုအလုပ်ရုံတွင် အလုပ်လုပ်နေစဉ် ထိုင်းလူဝင်မှုကြီးကြပ်ရေးအဖွဲ့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး ရွေးမည့်သူမရှိဖြစ်နေရာ ၎င်းကို လူကုန်ကူးသူတဦးကခေါ်ယူ၍ ပြည့်တန်ဆာရုံသို့ ရောင်းစားးခဲ့ကြောင်း သိရှိရသည်။

ယခုလစောစောပိုင်းကလည်း ဘန်ကောက်မြို့ မြောက်ဘက် နွန်ထပူရီခရိုင်အတွင်း အသက်မပြည့်သေးသည့် မြန်မာကလေးငယ်(၁၀)ဦးကို လူပွဲစားများလက်ထဲမှ ထိုင်းရဲများက ကယ်တင်ခဲ့ရကြောင်း ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြပါရှိခဲ့သည်။

အမေရိကန်အစိုးရ၏ လူကုန်ကူးမှုပပျောက်ရေးလုပ်ငန်းမှတ်တမ်းတွင် မြန်မာ၊ မြောက်ကိုရီးယားနှင့် ကျူးဘားနိုင်ငံတို့သည် ထိရောက်စွာ မဆောင်ရွက်ခဲ့သည့်အတွက် စစ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာ အကူအညီများ ရပ်ဆိုင်းပစ်တော့မည်ဖြစ်ကြောင်း ဖော်ပြခြင်း ခံခဲ့ရသည်။

❖

BiNA
Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

မိုးကြိုးသတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

## မြန်မာနိုင်ငံ မြေလတ်ပိုင်းတွင် အင်အားပြင်းသည့် ငလျင်လှုပ်

**စက်တင်ဘာ၊ (၂၂)ရက်။**

စက်တင်ဘာ(၂၂)ရက်နေ့ နံနက် မြန်မာ စံတော်ချိန် (၁၂)နာရီ (၄၅)မိနစ်အချိန်က ရန်ကုန်မြို့မြောက်ဘက် မိုင် (၂၀၀) အကွာရှိ မြန်မာနိုင်ငံအလယ်ပိုင်း တောင်တွင်းကြီးမြို့ကို ဗဟိုပြု၍ ရစ်ချ်တာစကေး (၆.၇)အင်အားရှိသော ငလျင်တခု ပြင်းထန်စွာ လှုပ်သွားခဲ့ရာ ထိုငလျင်ဒဏ်ကြောင့် လူ(၁၀)ဦးထက်မနည်း သေဆုံးသွားပြီး လူအတော်များများ ထိခိုက်ဒဏ်ရာရရှိကာ ရှေးဟောင်းစေတီပုထိုးများအပါအဝင် ပျက်စီး ဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရသည်။

ထိုနေ့က မြန်မာနိုင်ငံ မြေလတ်ပိုင်းမြို့များဖြစ်သည့် တောင်တွင်းကြီး၊ မကွေး၊ အောင်လံ၊ ပခုက္ကူ၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ မိတ္ထီလာ အစရှိသည့် မြို့များတွင် ငလျင်တခု လှုပ်ခတ်သွားခဲ့ရာ ငလျင်ဗဟို အချက်အခြာကျသည့် တောင်တွင်းကြီးမြို့က အပြင်းထန်ဆုံး ခံခဲ့ရပြီး ကလေးငယ်များအပါအဝင် လူ(၁၀)ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

(၄)မိနစ်ခန့် ကြာမြင့်ခဲ့သည့် ငလျင်ဒဏ်ကြောင့် လူနေအဆောက်အဦများထက် ရှေးဟောင်းစေတီပုထိုးများ အဓိက ပြိုကျပျက်စီးခဲ့ရကြောင်း၊ တောင်တွင်းကြီးမြို့လယ်ရှိ နှစ်ပေါင်းထောင်ချီရှိနေပြီ ဖြစ်သော သမိုင်းဝင် တန်ခိုးကြီး စေတီတဆူဖြစ်သည့် ရွှေအင်းတောင်ဘုရားကြီး၏ ထီးတော်မှာ မြေငလျင်ဒဏ်ကြောင့် မြေခသွားခဲ့ရကြောင်း မြို့ခံတဦးက ဒီဗွီဘီအသံလွှင့်ဌာနကို ပြောကြားသွားခဲ့သည်။

တောင်တွင်းကြီးမြို့၌ ထိခိုက်ဒဏ်ရာရရှိသူများကို မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှ လာရောက်၍ ကြည့်ရှုသွားပြီး တဦးလျှင် ငွေကျပ်(၅၀၀၀)ဆီ ကူညီပေးခဲ့သော်လည်း တောင်တွင်းကြီး ပြည်သူ့ဆေးရုံမှ လူနာတဦးလျှင် ဆေးရုံတက်ခ တရက်(၃၀၀)ကျပ်နှုန်းဖြင့် ပြန်လည်ကောက်ခံနေကြောင်း အဆိုပါ တောင်တွင်းကြီး မြို့ခံက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ မြေငလျင်တိုင်းတာရေးစခန်း၏ တိုင်းတာမှုနှင့် အမေရိကန်ပြည်ထောင်စုအခြေစိုက် ဘူမိဗေဒ လေ့လာရေးဌာန၏ တိုင်းတာမှုအရ အထက်ပါ ငလျင်၏ ပြင်းထန်အားသည် ၁၉၇၅ ခုနှစ်က ရှေးဟောင်းစေတီပုထိုးတော်များ ထောင်နှင့်ချီပြီး ပြိုကျပျက်စီးခဲ့သည့် ပုဂံငလျင်၏ ပြင်းထန်အား (ရစ်ချ်တာစကေး ၆.၈)နှင့် ကွာခြားမှု အနည်းငယ်သာရှိကြောင်း သိရသည်။

❖

## မျိုးချရတာတွေများတဲ့အခါ

○ ဘဝ ရှက်စိမ်းစိမ်းပေါ်မှာ
မာနတွေ ထူထူသုတ်
ဒေါသတွေ အတုံးလိုက်မြှုပ်
ကွမ်းယာထုပ် ထုပ်ပြီး ဝါးနေရ
လျှံကျလာတဲ့ ဒီ ကွမ်းသွေး
ထွီခနဲ ထွေးလိုက်ချင်
မြက်ခင်းပြင်ပေါ်တော့ မဟုတ်ပါ …

○ မျက်နှာပြင်ပေါ်လဲ ထွေးမဖြစ်
ပတ်ဝန်းကျင်ပေါ်လဲ ထွေးမဖြစ်
တရစ်ရစ် ဆက်ပြီးဝါး
နှလုံးသားက နာကျင်ရင်း
အံကိုတင်းပြီး ကြိတ်ချေမွ
မျိုချလိုက်ရတဲ့ သွေးတွေဟာ
အစာအိမ်ဝမှာ မဟုတ်ဘဲ
အသည်းထဲတောင် ကျောက်တည်နေလောက်ပြီ …

○ "ကွမ်းမထွေးရ"ဆိုတဲ့ စာတန်းလောက်
ကြောက်နေလို့ မဟုတ်တာ
ကိုယ့်ဟာကိုယ်ပဲ သိပါတယ်။

ဝင်းတင့်ထွန်း

## ရောဝတီတိုင်းရှိ လယ်သမားကြီးများ လော်ရင်းနှစ်နေရ

ရောဝတီတိုင်းရှိ မြို့နယ်အသီးသီးတွင် တောင်သူလယ်သမားများအား ဝန်ထမ်းသက်သာအတွက် တကေလျှင် စပါး(၄)တင်းနှုန်း အခမဲ့ပေးရန် မယကအာဏာပိုင်များက အမိန့်ပေးထားကြောင်း သိရသည်။

အဆိုပါအမိန့်တွင် ထောက်လှမ်းရေး စပါး၊ ရဲစပါး၊ တပ်စပါး၊ ကြံ့ဖွံ့စပါး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ရန်ပုံငွေ စသည့် အကြောင်းပြချက်အမျိုးမျိုးပါဝင်ပြီး တကေလျှင် စပါးတင်း(၂၀)ခန့်ကို ဈေးနှုန်း အဆမတန် ချိုးနှိမ်သတ်မှတ်၍ အာဏာပိုင်များက ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

လယ်သမားများအတွက် စပါးတင်း(၁၀၀)လျှင် စိုက်ပျိုးစရိတ် ကုန်ကျငွေမှာ တသိန်းနှစ်သောင်း (၁၂၀,၀၀၀)နှုန်းရှိနေပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်မှု မရှိ၍ စပါးဈေးများ ထိုးကျနေရာ စပါးပေါ်ချိန်တွင် တင်း(၁၀၀)လျှင် ကျပ်ငွေရှစ်သောင်း (၈၀,၀၀၀)နှုန်းသာ ဈေးပေါက်သည့်အတွက် တောင်သူလယ်သမားများ အခက်အခဲ ကြုံတွေ့နေကြရသည်။

❖

## ရွေးကောက်ပွဲသစ်အတွက် တစည များ မြေလှမ်းပြင်

**စက်တင်ဘာ၊(၂၃)ရက်။**

နအဖဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ အချက်(၇)ချက်ပါ လမ်းညွှန်မြေပုံ ထွက်ပေါ်လာပြီးနောက်ပိုင်း မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်တွင် တစည (မဆလတဖြစ်လဲ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက စည်းရုံးရေး စတင်ဆင်းနေပြီး ပုသိမ်ကြီးမြို့နယ် 'ကန်နီကန်'ရွာမှ ရွာသားများအား ရွေးကောက်ပွဲအသစ် ကျင်းပလျှင် တစည ပါတီကို မဲပေးရန် မက်လုံးပေး မဲဆွယ်နေကြောင်း ပြည်တွင်းသတင်းများအရ သိရသည်။

မန္တလေးတိုင်း အဖွဲ့ချုပ်ဝင်တဦး အဆိုအရ တစည ပါတီသည် အဆိုပါရွာတွင် နအဖ သမဝါယမဝန်ကြီး ဦးသန်းအောင်လက်ထက်က လယ်မြေများကို သိမ်းပြီး ကြက်ခြံ၊ ငါးမွေးကန်များ ပြုလုပ်ထားသည့် မြေများကို လယ်မြေများအဖြစ် ပြန်လည်ဖော်ထုတ်ရန် အထက်သို့ တင်ပြ တောင်းဆိုပေးမည်ဟု ပြောဆိုပြီး စည်းရုံးရေး ဆင်းနေကြကြောင်း၊ သို့ရာတွင် ရွာသူရွာသားများမှာ ထိုကိစ္စအပေါ် စိတ်ဝင်စားမှု မရှိနိုင်ဘဲ လောလောဆယ် ကြုံတွေ့နေရသည့် ကုန်ဈေးနှုန်း ကြီးမြင့်မှုဒဏ်ကြောင့် နေ့စဉ်အလျဉ်မီ စားသောက်နိုင်ရေးအတွက်သာ အပူတပြင်း လုံးပမ်းနေကြရကြောင်း သိရသည်။

ထိုသို့ တစည များ စည်းရုံးရေး ဆင်းနေချိန်တွင် အဖွဲ့ချုပ်ဝင်များမှာ အာဏာပိုင်များ၏ အကြောင်းပြချက်အမျိုးမျိုးဖြင့် ဖမ်းဆီးခြင်း၊ ဖိအားပေး ခြိမ်းခြောက် နုတ်ထွက်ခိုင်းစေခြင်းများ ခံနေကြရလျက်ရှိကြောင်း အဆိုပါ အဖွဲ့ချုပ်ဝင်က ဆက်လက်ပြောကြားသွားခဲ့သည်။ ❖

# အမျိုးသားညီလာခံမစမီ သုံးပွင့်ဆိုင်ဆွေးနွေးသင့် ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့က အကြံပြုလွှာပေးပို့



ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့ဝင် သခင်သိန်းဖေ

**စက်တင်ဘာ၊ (၁၀)ရက်။**

ဩဂုတ်လ(၃၀)ရက်နေ့က နအဖဝန်ကြီးချုပ်သစ်အဖြစ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၎င်းတို့ရေးဆွဲထားသည့် နိုင်ငံရေးလမ်းပြမြေပုံခေါ် နအဖ၏ ရှေ့ဆက်လုပ်ဆောင်သွားမည့် မူဝါဒများကို တိုင်းပြည်သို့ ကြေညာသွားခဲ့ရာ လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့က နအဖ၏ အဆိုအတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာရေးအတွက် အကောင်အထည်ဖော်ရာတွင် တဦးကောင်း တဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်သဖြင့် တိုင်းရင်းသားလူမျိုးစုများ အပါအဝင် တတိုင်းပြည်လုံး လူထုတရပ်လုံး ထောက်ခံပါဝင်မှသာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း အကြံပြုစာတစောင်ကို နအဖဥက္ကဋ္ဌထံ လိပ်မူ၍ စာရေးပေးပို့ခဲ့သည်။

ထိုစာတွင် ဗိုလ်ချုပ်ခင်ညွန့်က အဆင့်(၇)ဆင့်ပါ လမ်းပြမြေပုံ၏ လုပ်ငန်းစဉ်ကို ဖော်ပြခဲ့ရာ ၁၉၉၆ ခုနှစ်မှ ယနေ့အထိ (၇)နှစ်တာခန့် ရပ်တန့်ထားခဲ့ရသည့် အမျိုးသားညီလာခံကို နအဖက ဦးဆောင်ပြီး ပြန်လည်ကျင်းပရန် ဖော်ပြထားကြောင်း၊ ၁၉၉၆ ခုနှစ်က ထိုညီလာခံ ဆိုင်းငံ့သွားရခြင်းမှာ စတင်ကျင်းပစဉ်က ပါဝင်တက်ရောက်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နုတ်ထွက်သွားခြင်းကြောင့် ဖြစ်ရာ ယခု ပြန်လည်ကျင်းပမည်ဆိုပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဦးစွာ ညှိနှိုင်းဆွေးနွေးပြီး ၎င်းတို့ ပါဝင်မှသာလျှင် အဓိပ္ပာယ်ပြည့်ဝသော အောင်မြင်ထမြောက်သည့် ညီလာခံတရပ်ဖြစ်မည်ဟု ဖော်ပြထားပြီး စစ်မှန်သည့် တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်စားလှယ်များ ပါဝင်နိုင်ရေးအတွက် ၎င်းတို့နှင့်ပါ ကြိုတင်ဆွေးနွေးသင့်ကြောင်း ထည့်သွင်း ရေးသားထားသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးမှတဆင့် တမျိုးသားလုံး သွေးစည်းညီညွတ်ရေးကို တည်ဆောက်နိုင်ရန် ဒီပဲယင်းအရေးအခင်းတွင် ဖမ်းဆီးထားသော ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်လှစ် လှုပ်ရှားခွင့်ပေးရန် လိုအပ်ပြီး ဒီပဲယင်းအရေးအခင်းမတိုင်မီ အနေအထားသို့ ပြန်လည်ရောက်ရှိရန် ဆောင်ရွက်စေလိုကြောင်း ဖော်ပြထားသည်။

ဝါရင့်နိုင်ငံရေးသမားကြီးများက နအဖနှင့် အဲန်အယ်လ်ဒီတို့အနေဖြင့် ညီုးသူ ရန်ဘက်များမဖြစ်ကြဘဲ တိုင်းပြည်ကောင်းစားရေးကို ပူးပေါင်းဆောင်ရွက်စေလိုသည့် စေတနာဖြင့် မိမိတို့မှ အကြံပေးခြင်း ဖြစ်ကြောင်း နိဂုံးတွင် ရေးသားထားသည်။ ❖

# မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအကျပ်အတည်းများ လုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းရဖွယ်ရှိနေ

**စက်တင်ဘာ၊ (၁၂)ရက်။**

ဖမ်းဆီးထားခြင်းခံရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များအားလုံးကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးသံတမန် မစ္စတာပေါ်လိုဆာဂျီယိုပင်ဟေးရိုးက ယခုလ (၁၁) ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းသည့် အစီရင်ခံစာ၌ တောင်းဆိုလိုက်သည်။

အဆိုပါအစီရင်ခံစာတွင် မေလ(၃၀) ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ပါတီဝင်များ၊ ပြည်သူလူထုများအား နအဖက ဒီပဲယင်းတွင် ကြိုတင်စီစဉ်တိုက်ခိုက်ခဲ့မှုများ ပြုလုပ်ခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် စစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ပိုမိုဆိုးရွားလာကြောင်း၊ အဆိုးရွားဆုံးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးအားလုံးကို ယခုအချိန်အထိ ပိတ်ထားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ ယင်းဖြစ်ရပ်အတွင်း အဖမ်းခံရသူ၊ သေဆုံးသူ၊ ဒဏ်ရာရသူနှင့် ယခုအချိန်ထိ ပျောက်ဆုံးနေသူပေါင်း (၁၀၀)ကျော်ရှိပြီး ၎င်းတို့ထဲတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားအဖွဲ့ချုပ်ခေါင်းဆောင်များ၊ ဘုန်းတော်ကြီးများ၊ ကျောင်းသားများလည်း ပါဝင်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် မစ္စတာပင်ဟေးရိုးက မြန်မာနိုင်ငံတွင် အဖွဲ့ချုပ်ဝင်များနှင့် အခြားပါတီဝင်များသည် နအဖ စစ်ထောက်လှမ်းရေး၏ အနီးကပ်စောင့်ကြည့်ခြင်းကို အမြဲခံနေရပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများမှာလည်း ၎င်းတို့၏ ခေါ်ယူစစ်မေးခြင်းကို မကြာခဏ ခံနေကြရသည်ဟု ၎င်း၏ အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားသည်။

ပင်ဟေးရိုးက ဆက်လက်ရေးသားထားရာတွင် မြန်မာနိုင်ငံအတွင်းရှိ သတင်းမီဒီယာများအားလုံးမှာ ယခုအချိန်တွင် ချုပ်ခြယ်ကန့်သတ်မှုကို ပိုမိုခံနေကြရပြီး မေ (၃၀) တိုက်ခိုက်မှုနှင့်ပတ်သက်သည့် သတင်းမှန်များကို ပြည်သူများမရရှိနိုင်မည့် ဖြစ်ရပ်များရှိခဲ့ကြောင်း၊ ဤအခြေအနေများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီကဲ့သို့သော အဖွဲ့အစည်းမျိုး၏ အရေးယူနိုင်မည့် အာရုံစိုက်မှုမျိုးကိုဖြစ်စေနိုင်ကြောင်း သတိပေးရေးသားထားသည်။ အဆိုပါဖြစ်ရပ်တွင် တာဝန်ရှိသူများကိုလည်း အရေးယူရမည် ဖြစ်ကြောင်း ဒီပဲယင်းလုပ်ကြံမှုကြီးကို ရည်ညွှန်း၍ ထိုအစီရင်ခံစာ၌ တောင်းဆိုထားသည်။ ထိုအဖြစ်အပျက်များသည် ၂၀၀၀ ပြည့် နှစ်မှစ၍ ရရှိခဲ့သည့် နိုင်ငံရေးတိုးတက်မှုရလဒ်များကို အချည်းနှီးဖြစ်စေခဲ့ရကြောင်းကိုလည်း အစီရင်ခံစာတွင် ထောက်ပြဝေဖန်ခဲ့သည်။

တိုင်းရင်းသားများအရေးနှင့် ပတ်သက်၍ ဖော်ပြရေးသားထားရာတွင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအပေါ် လူ့အခွင့်အရေး ချိုးဖောက်သည့် စွပ်စွဲချက်များကို မြန်မာ့ဒုက္ခသည်များနှင့် တွေ့ဆုံ မေးမြန်းပြီးဖြစ်သော်လည်း မြန်မာပြည်အတွင်း သွားရောက်၍ သီးခြား လွတ်လပ်စွာ စုံစမ်းခွင့်မှာ မရရှိသေးကြောင်း၊ ၎င်းကိစ္စနှင့် ပတ်သက်၍ နအဖစစ်အုပ်စုကို တောင်းဆိုထားသော်လည်း ယနေ့အချိန်အထိ အကြောင်းပြန်ကြားခြင်း မရှိသေးကြောင်း အစီရင်ခံစာ၌ ရေးသားဖော်ပြထားသည်။

မစ္စတာပင်ဟေးရိုးနှင့် အသံလွှင့်ဌာနတခု ဆက်သွယ်မေးမြန်းခန်းတွင် ၎င်းက ....

"ယခုလို ဒေါ်အောင်ဆန်းစုကြည်ကို အကာအကွယ်ပေးဖို့ ထိန်းသိမ်းထားခြင်းဟာ ဘယ်လိုမှ အကောင်းဆုံးနည်း မဖြစ်နိုင်ပါဘူး၊ ကျနော့်အနေနဲ့ နအဖအာဏာပိုင်တွေကို ပြောကြားခဲ့ပြီး ဒီလို အရေးပါသည့်



မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးသံတမန် မစ္စတာပေါ်လိုဆာဂျီယိုပင်ဟေးရိုး

နိုင်ငံရေးခေါင်းဆောင်တယောက်ကို အကာအကွယ်ပေးဖို့ အခြားနည်းလမ်းတွေ အများကြီး ရှိပါတယ်"ဟု ပြောကြားသွားခဲ့သည်။

၎င်းအစီရင်ခံစာနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွှန့်ပေါင်းအစိုးရ ကုလသမဂ္ဂကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက ကုလသမဂ္ဂက ကြားဝင်ဖျန်ဖြေမှုအောက်တွင် နအဖက နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးသည့်နည်းဖြင့် အဖြေရှာခြင်း မရှိခဲ့သည့်အတွက် လက်ရှိမြန်မာနိုင်ငံ အခြေအနေသည် လက်ရှိကျင်းပနေသည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် လူအခွင့်အရေးကော်မရှင်မှတဆင့် လုံခြုံရေးကောင်စီအဆင့်ထိ ရောက်သွားနိုင်သည်ကို ကြိုတင်သတိပေးထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံကို စက်တင်ဘာ(၁၆)ရက်နေ့တွင် စတင်ကျင်းပလျက်ရှိပြီး လက်ရှိဖြစ်ပေါ်နေသော မြန်မာနိုင်ငံအခြေအနေများအား နိုင်ငံတကာက အရေးတယူ ဆွေးနွေးသွားဖွယ်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက ကောက်ချက်ချနေကြသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်အား ပြန်လည်လွှတ်ပေးရန် မသိကျိုးကျွန်ပြုနေ အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့၏ ရန်ကုန်ခရီးစဉ် အခြေမလှဖြစ်ခဲ့ရ



အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဟောင်း အလီအလာတပ်စ်

**စက်တင်ဘာ၊ (၂၃)ရက်။**

ရှေ့လ (၇)ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပမည့် အာဆီယံ ထိပ်သီးညီလာခံ မစတင်မီ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရေးနှင့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် ကြိုးပမ်းသည့်အနေဖြင့် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သည့် အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်သည် တစုံတရာ တိုးတက်မှုမရှိဘဲ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

အင်ဒိုနီးရှား နိုင်ငံခြားရေး ဝန်ကြီးဟောင်း အလီအလာတပ်စ် ဦးဆောင်သည့် အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ၎င်းတို့၏ (၅)ရက်တာခရီးစဉ်အတွင်း နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ကို တွေ့ဆုံခဲ့သော်လည်း ၎င်းတို့မျှော်လင့်ထားသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့် မရရှိခဲ့ပေ။ ထို့အပြင် ရန်ကုန်အခြေစိုက် နိုင်ငံခြားသံတမန်များ သတင်းထောက်များနှင့်ပါ တွေ့ဆုံခွင့် မရရှိ

စာမျက်နှာ(၁၁)၊ကော်လံ(၁)သို့ ○

## ဒေါ် အောင်ဆန်းစုကြည် ခွဲစိတ်ကုသခံရ ... မှ

အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (ICRC) က မဟုတ်မှန်ကြောင်း တရားဝင် ပြောဆိုခဲ့သည့်အတွက် မြန်မာပြည်သူများအားလုံးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအတွက် စိတ်သက်သာရာရခဲ့သော်လည်း ယခုလို ခွဲစိတ်ကုသခံရသည့်သတင်းကြောင့် စိုးရိမ်စိတ်များ တဖန်ပြန်ဖြစ်လာခဲ့ကြသည်။

ပထမတွင် နအဖက ထိုသတင်းကို မှောင်ချထားခဲ့သည့်အတွက် သတင်းမှန်ကို သိရှိရန် ခက်ခဲခဲ့ကြောင်း သံတမန်များက ပြောဆိုခဲ့ပြီး ယခုအခါ ဒေါက်တာတင်မျိုးဝင်း၏ ထုတ်ဖော်ပြောဆိုမှုကို အလေးထားပြောဆိုခဲ့သည်။ ခွဲစိတ်ကုသသည့်နေ့တွင် အာရှတော်ဝင်ဆေးရုံရှေ့၌ အဖွဲ့ချုပ်ဝင်များ၊ ပြည်သူလူထုများ၊ နိုင်ငံခြားသံတမန်များ စုရုံးရောက်ရှိလာခဲ့ကြသော်လည်း အာဏာပိုင်များက မည်သူ့ကိုမျှ တွေ့ခွင့်မပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဒေါ်အောင်ဆန်းစုကြည် ခွဲစိတ်ကုသခံခဲ့ရခြင်းအတွက် အထူးစိုးရိမ်မိကြောင်း အမေရိကန်အစိုးရက ပြောကြားခဲ့ပြီး ရန်ကုန်ရှိသံတမန်များ၊ လေ့လာစောင့်ကြည့်နေသူများက နအဖအနေဖြင့် ယခုအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်အဖြစ် ပြောင်းရွှေ့ချထားရန် အခွင့်ကောင်းဖြစ်နေသည်ဟု ဆိုကြသည်။ အမေရိကန်၊ ဗြိတိန်၊ အီတလီသံရုံးများက ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ခွင့်ရရန် ဆေးရုံသို့ သွားရောက်ခဲ့သော်လည်း တွေ့ခွင့်မရခဲ့သည့်အတွက် တွေ့ခွင့်ပေးရန် နအဖစစ်အုပ်စုထံ အကြိမ်ကြိမ် တောင်းဆိုလျက်ရှိကြောင်း သိရသည်။




ဒေါ်အောင် ခွဲစိတ်ကုသမှုခံယူနေသော အာရှတော်ဝင်ဆေးခန်းရှေ့၌ သတင်းမေးရန်စောင့်ဆိုင်းနေကြသည့် အဖွဲ့ချုပ်ဝင်များနှင့် ပြည်သူလူထုများ

စစ်အုပ်စုသည် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားသည့် (၄)လတာကာလအတွင်း ပြင်ပလောကနှင့် အဆက်အသွယ်ဖြတ်ထားသည့်အတွက် ယခုလို အရေးပေါ်ခွဲစိတ်ကုသခံရချိန်တွင် ဒေါ်အောင်ဆန်းစုကြည်တဦးတည်း အကူအညီ ကင်းမဲ့စွာ ခံယူခဲ့ရခြင်းဖြစ်သည်။ ❖